ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊နယုန်လပြည့်ကျော် ၂ရက်၊ သောကြာနေ့၊ (4-6-2004)(၄၂၅၄)

နိဗ္ဗာန သစ္ဆိကိရိယာ စ၊ တေံ မင်္ဂလ မုတ္တမံ။

နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း (၈၀) ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရောဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဧရာဝတီတံတား(ရတနာပုံ)၊ မြစ်ငယ်တံတားနှင့် ပင်းချားတံတား တည်ဆောက်မှုများစစ်ဆေး

ရန်ကုန် ဇွန် ၃

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဇွန် ၁ရက် နံနက် ၆နာရီခွဲတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးလိုက်ပါလျက် စစ်ကိုင်းဘက်ကမ်းရှိ ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းရုံးသို့ရောက်ရှိကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများက ကြိုဆိုကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း စစ်ကိုင်းဘက်ကမ်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းက စစ်ကိုင်းဘက်ကမ်းတည်ဆောက်ရေးအပိုင်း၌ ကမ်းကပ်ခုံ G-1 မှ G-11 အထိ **စာမျက်နှာ ၉ ကော်လံ ၃ သို့** ☆

အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့ သဘာပတိအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို ဆွေးနွေးပွဲခန်းမ (၇)၌ ကျင်းပစဉ်။

(သတင်းစဉ်)

လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်သွား

ရန်ကုန် ဇွန် ၃

ယနေ့နံနက် မြန်မာစံတော်ချိန် ၀၆း၃၀ နာရီအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်အနောက် အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များ စာတမ်းများဖတ်ကြားခြင်းနှင့် သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းဆွေးနွေးပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် ဇွန် ၃

အမျိုးသားညီလာခံကျင်းပရေး အစုအဖွဲ့များဖြစ်ကြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့နှင့် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့တို့သည် စာတမ်းများ ဖတ်ကြားတင်ပြခြင်းတို့ကိုလည်းကောင်း၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့တို့သည် သဘာပတိအဖွဲ့ ညှိနှိုင်းဆွေးနွေးခြင်းတို့ကိုလည်းကောင်း ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသည့် ဆွေးနွေးပွဲခန်းမများ၌ ကျင်းပရာ အစုအဖွဲ့အလိုက် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ●

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

4-6)KM A3.P65 1 4/6/04, 12:43 AM

၄-၆-၂၀၀၄
(သောကြာနေ့)

စက်မှုလယ်ယာ ကျယ်ပြန့်စွာ ဖြစ်ပေါ်ရေး လယ်ယာသုံးစက်ကိရိယာများ ဦးစားပေးထုတ်လုပ်

နိုင်ငံတော်အစိုးရသည် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းခိုင်မာရေးကို အလေးထားသည်နှင့်အညီ အမျိုးသားရေး စွမ်းအားစုများ၊ နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များ၏ စွမ်းအားကို စုစည်းရယူပြီး နိုင်ငံတော်ကြီး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားရသည့် နိုင်ငံဖြစ်ရာ အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာရေးအတွက် လယ်ယာကဏ္ဍကို အခြေပြုကြိုးပမ်းလျက်ရှိသည်။ အလားတူ နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော်ရာတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုပါ အလေးထားဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စက်ရုံ၊ အလုပ်ရုံအသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ အခြေအနေပေးသော နယ်မြေဒေသများတွင် စက်မှုဇုန်များ တည်ထောင်ပေးခြင်းတို့ကို ကူညီအားပေးလျက်ရှိသည်။ ယခုအခါ စက်မှုဇုန် (၁၉)ဇုန်အထိ ဖွဲ့စည်းဖြစ်ပေါ်လာပြီး ယင်းသို့တည်ထောင်ပြီး စက်မှုဇုန်များအနက် ရန်ကုန်၊ မန္တလေးစက်မှုဇုန်များနှင့် တောင်ကြီး အေးသာယာစက်မှုဇုန်၊ မုံရွာစက်မှုဇုန်တို့သည် လုပ်ငန်းများ အရှိန်အဟုန်ရလျက်ရှိသည်။

အဆိုပါ စက်မှုဇုန်များတွင် မော်တော်ယာဉ်အမျိုးမျိုးနှင့် လယ်ယာလုပ်ငန်းသုံး စက်ကိရိယာပစ္စည်းများ၊ မော်တော်ယာဉ် စက်ပစ္စည်းများ၊ စက္ကူနှင့် ပလတ်စတစ်ပစ္စည်းများ စားသောက်ကုန်ပစ္စည်းများကို အောင်မြင်စွာ ထုတ်လုပ်လျက်ရှိသည်။

နိုင်ငံတော်၏ စက်မှုကဏ္ဍသည် နှစ်စဉ်ရာခိုင်နှုန်း မြင့်မြင့်မားမားဖြင့် တိုးတက်လျက်ရှိသည်နှင့်အညီ စက်မှုလယ်ယာစနစ် ကျယ်ပြန့်စွာဖြစ်ပေါ်ရေးအတွက် စက်မှုဇုန်တစ်ခုချင်း၏ စွမ်းအားအလိုက် လယ်ယာသုံးစက်ကိရိယာများ ပိုမိုထုတ်လုပ်နိုင်ရေး ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်တွင် စိုက်ပျိုးရေလုံလောက်စွာ ရရှိစေရေးအတွက် ဆည်တမံပေါင်းများစွာကို တည်ဆောက်ပေးလျက်ရှိရာ စပါးစိုက်ဧကများ တိုးတက်လာသည်နှင့်အမျှ လယ်ယာသုံးစက်ကိရိယာများ တွင်တွင်ကျယ်ကျယ်အသုံးပြုနိုင်ရန် ပိုမိုလိုအပ်လာမည်ဖြစ်သည်။ လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ရသည့်လုပ်ငန်းများအနေဖြင့် ယခုထက် ပိုမိုရင်းနှီးမြှုပ်နှံလာရန် လိုအပ်မည်ဖြစ်ရာ နိုင်ငံတော်က အဆိုပါလိုအပ်ချက်များကို အတတ်နိုင်ဆုံး အားပေးကူညီလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်၏ ပံ့ပိုးအထောက်အကူပြုမှုဖြင့် မန္တလေးစက်မှုဇုန်၊ မုံရွာစက်မှုဇုန်နှင့် အေးသာယာစက်မှုဇုန်တို့၌ သံရည်ကျိုပုံလောင်းခြင်း၊ သံပုံဖိခြင်း၊ အမာတင်ခြင်း စသည့် သံထည်ပစ္စည်းပုံလောင်းပုံထောင်း ခေတ်မီအလုပ်ရုံများ ထူထောင်ပေးနိုင်ရေး စီစဉ်လျက်ရှိသည်။

အဆိုပါ ခေတ်မီသံရည်ကျို ပုံလောင်းအလုပ်ရုံများ ထူထောင်လုပ်ကိုင်ခြင်းဖြင့် စက်မှုဇုန်များ၏ အဆင့်အတန်းနှင့် ထုတ်လုပ်မှုအရည်အသွေး မြင့်မားလာမည့်အပြင် စက်ကိရိယာပစ္စည်းများကိုလည်း အရေအတွက်အရ အမြောက်အမြား ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

လက်တွန်းထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊ ရေစုပ်စက်စသည့် လယ်ယာသုံးစက်ကိရိယာများအတွက် လိုအပ်သော စက်အစိတ်အပိုင်းများကို ပုံလောင်းပုံဖော် ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုလယ်ယာ ကျယ်ပြန့်စွာဖြစ်ပေါ်ရေးတို့အတွက် အလေးထားအားပေးလျက်ရှိချိန်တွင် လယ်ယာအခြေခံစက်မှုလုပ်ငန်းများ ထူထောင်ရေး ကြိုးပမ်းကြရန်နှင့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများကို အရေအတွက်သာမက အရည်အသွေးမီပစ္စည်းများ ထုတ်လုပ်နိုင်ရေး ဦးစားပေးဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သဲကုန်းမြို့ ရွှေကြို့ပင်ရွာ မြို့ရိုးဟောင်းမှတွေ့ရှိသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လှူဒါန်း

ရန်ကုန် ဇွန် ၃

သဲကုန်းမြို့ မိုးကုတ်တိုက်နယ် ရွှေကြို့ပင်ရွာ ရှေးဟောင်းမြို့ရိုးမှ လွန်ခဲ့သော နှစ် (၈၀)ကျော်က တူးဖော်ရရှိခဲ့ပြီး ကျေးရွာသူ၊ ကျေးရွာသားများ ထိန်းသိမ်းစောင့်ရှောက်ပူဇော်ထားရှိသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို ကျေးရွာသူ၊ ကျေးရွာသားများက ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လှူဒါန်းပေးအပ်ပွဲ အခမ်းအနားကို မေ ၃၁ရက် နံနက် ၉နာရီတွင် သဲကုန်းမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဟောင်းဆင်းတုတော် လှူဒါန်းပေးအပ်ပွဲ အခမ်းအနားသို့ သီတဂူဆရာတော်ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ကြွရောက်တော်မူပြီး ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်း)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်း၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အစီအစဉ်အရ သီတဂူဆရာတော်ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော ဆရာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး သီတဂူဆရာတော်ဒေါက်တာဘဒ္ဒန္တဉာဏိဿရက ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော် ရရှိခဲ့ပုံ၊ ရွှေကြို့ပင်ရွာသူ၊ ရွာသားများ ထိန်းသိမ်းစောင့်ရှောက် ပူဇော်ထားကြပုံနှင့် ဆရာတော်နှင့်နိုင်ငံတော်ဝန်ကြီးချုပ်တို့၏ တိုက်တွန်းချက်ကြောင့် ယခုကဲ့သို့ ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လှူဒါန်းခဲ့ပုံတို့ကို ရှင်းလင်းမိန့်ကြားသည်။

ဆက်လက်၍ ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော် ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး ဂေါပကအဖွဲ့က ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်ထံ ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို လွှဲအပ်လှူဒါန်းသည်။

ယင်းနောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်လွှဲအပ်ခြင်းဆိုင်ရာ စာရွက်စာတမ်းများကို ဂေါပကအဖွဲ့ဝင် ဦးမြင့်သန်းက ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမသို့ ပင့်ဆောင်အပူဇော်ခံထားရှိပြီးယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ဗုဒ္ဓဘာသာဝတ်ပြုအသင်းမှ ကျောင်းသူကလေးများက ဗုဒ္ဓပူဇနိယဝတ်ရွတ်စဉ်များနှင့် ရွတ်ဆိုပူဇော်ကန်တော့ကြသည်။

အဆိုပါ ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို ၁၉၂၅ခုနှစ်က သဲကုန်းမြို့နယ် ရွှေကြို့ပင်ရပ်နေ ဦးထွန်းဝင်းက ရှေးဟောင်းမြို့ရိုးမှ ခဲများကို တူးဖော်စဉ် ရရှိခဲ့ခြင်းဖြစ်ပြီး ကျေးရွာသူကျေးရွာသားများနှင့် ဆရာတော်များက ထိန်းသိမ်းစောင့်ရှောက် ပူဇော်ထားရှိကြခြင်းဖြစ်သည်။ ၎င်းဆင်းတုတော်မှာ ရပ်တော်မူပဋ္ဌလောဟာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်ဖြစ်ပြီး ဉာဏ်တော်အမြင့် လက်မ ၃၀ရှိပြီး ဆင်းတုတော်၏ ဦးခေါင်းတော်နောက်တွင် ရောင်ခြည်စက်ဝန်းပုံပါရှိသည်။

အလွန်ရှေးကျ

ဗုဒ္ဓရုပ်ပွားဆင်းတုတော်၏ လက်ယာလက်မှာ အဘယမုဒြာပုံတော်ဖြစ်ပြီး လက်ဝဲလက်မှ စီဝရဟတ္ထသင်္ကန်းစကို ကိုင်တော်မူပုံ အလွန်ရှေးကျသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်ဖြစ်သည်။

(သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ပဲခူးတိုင်း သဲကုန်းမြို့ မိုးကုတ်တိုက်နယ် ရွှေကြို့ပင်ရွာ ရှေးဟောင်းမြို့ရိုးမှ လွန်ခဲ့သည့် နှစ် (၈၀)ကျော်က တူးဖော်ရရှိခဲ့သော ရှေးဟောင်းရပ်တော်မူပဋ္ဌလောဟာဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ပင့်ဆောင်စဉ်။

(ယဉ်ကျေးမှု)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ရုပ်ရှင်ဇာတ်ကားဖြင့် ဖြသဖျော်ဖြေ

ရန်ကုန် ဇွန် ၃

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် ည ၇နာရီမှစတင်ကာ ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ကြည့်ရှုအပန်းဖြေ

ယမန်နေ့ ညပိုင်းတွင် ဒါရိုက်တာ အောင်မင်းသိမ်းရိုက်ကူးပြီး သရုပ်ဆောင် ဒွေးနှင့် အိန္ဒြာကျော်ဇင်တို့ ပါဝင်သရုပ်ဆောင်ထားသည့် ၂၀၀၀ပြည့်နှစ် အကယ်ဒမီဆုရ **“အချစ်သည်လေပြေ”** ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။ (သတင်းစဉ်)

စိတ်ဖြူသူချင်း ယှက်လှယ်ခြင်းဖြင့်

အနေရိုးရှင်း၊ စိတ်ရင်းဖြူစင်
ပြုံးပန်းဆင်လျက်၊ ကြည်လင်မျက်နှာ
နှုတ်ချိုသာ၍၊ မုဒုရာယဉ်ကျေး
မြော်မြင်တွေးပြီး၊ ဆွေးနွေးနှီးနှော
ပြုသဘောဖြင့်၊ သူရောကိုယ်ပါ
လူတကာ၏၊ စိတ်၏ချမ်းသာ
ကိုယ်ချမ်းသာမှု၊ အာရုံပြုလျက်
ရှေးရှုလုပ်ကိုင်၊ စွမ်းနိုင်ဘဝ
ကိုယ်တိုင်ရ၍၊ တူမျှသဘော
ရှိသောသူသာ၊ ဘဝတာ၌
ကြုံလာဆုံလာ၊ အမြဲသာပင်
ဖြစ်ခဲ့လျှင်မူ၊ လူ့ခွင်လောက
နေသမျှတွင်၊ စိတ်ကြည်လင်၍
ပျော်ရွှင်ငြိမ်းချမ်း၊ လျှောက်ကာလှမ်းသည့်
စခန်းသာယာ၊ ရည်မှန်းရာသို့
အမှန်သေချာ ရောက်မည်သာ။ ။

နွယ်ချို

ဆောင်းပါးစက်ရုံကုန်ချော(၅)
သပြေအပြုံးလား ခရေအပြုံးလား ကွမ်းခြံကုန်းသား

ရတနာစည်ဆရာတော်(လှိုင်လင်)

(က)

“ယနေ့ ကွမ်းခြံကုန်းမြို့တွင် ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း၊ မိုးလုံလေလုံ အားကစားခန်းမနှင့် သုံးထပ်စာသင်ဆောင်ကြီးများ ခံ့ခံ့ညားညား အစီအရီတည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ကွမ်းခြံကုန်းမြို့သူ၊ မြို့သားအားလုံး ဂုဏ်ယူဝမ်းမြောက်နေခြင်းကို တွေ့မြင်ခံစားနေရပါကြောင်း”

မှန်ပါသည်။ မြင်ကြားထိတွေ့ရသမျှ အရာရာတိုင်းမှာ အပြုံးလှိုင်းတွေ စက္ကန့်တိုင်းရိုက်ခတ်နေသည့်သဘော ဖြစ်တည်နေပါသည်။ မျက်နှာ၏ အလှဆုံး စက္ကန့်များဟု တင်စားအပ်သော အပြုံးပန်းတို့၏ သင်းပျံ့ရနံ့ကြိုင်ကြိုင်များကလည်း လှိုင်လှိုင်ကြူမွှေးထုံနေသည့်သဘော ဖြစ်တည်လျက်ရှိပါသည်။ လှသောအပြုံး၊ မွှေးသောအပြုံးများနှင့်အတူ ကွမ်းခြံကုန်းမြို့သူ၊ မြို့သားများအားလုံးတို့၏ ဂုဏ်ယူမဆုံး၊ ဝမ်းမြောက်မဆုံး၊ တက်ကြွမဆုံးသော ထင်ဟပ်မှုများကြောင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်၏ ဖော်ပြပါ စကားခွန်းသည် ရွှန်းရွှန်းအိ နှလုံးသားစကား ဖြစ်လေ၏။

(ခ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်သည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ၈-၂-၂၀၀၄ ရက်နေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့မှ ဒလမြို့ဆိပ်ကမ်းသို့ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး ရေယာဉ်ဖြင့် ရောက်ရှိလာရာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဒလ၊ တွံတေး၊ ကော့မှူး၊ကွမ်းခြံကုန်းမြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက လှိုက်လှဲဝမ်းသာစွာ ကြိုဆိုကြ၏။ ထိုမှတစ်ဆင့် ကွမ်းခြံကုန်းမြို့သို့ ရောက်ရှိကြ၏။

ဤမြို့နယ် ဤဒေသသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်သည် လွန်ခဲ့သော ၁၀ နှစ်ကျော်ကာလကတည်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်မှာကြား ဖြည့်ဆည်းပေးနိုင်ရန် တာဝန်ရှိသူများလိုက်ပါကာ မကြာခဏ ရောက်ရှိခဲ့ဖူး၏။ ရောက်ရှိတိုင်း ရောက်ရှိတိုင်းမှာ နိုင်ငံတော်အဆင့်မှ ဖြည့်ဆည်းပေးရမည့် ဆောင်ရွက်ဖွယ်တို့ကို ချက်ချင်းဖြည့်ဆည်းပေးသလို သက်ဆိုင်ရာတို့အား လမ်းညွှန် မှာကြားသင့်သည်များကိုလည်း လမ်းညွှန်မှာကြား မျှဉ်းတားပေးခဲ့သည်ချည်းဖြစ်၏။ ထို့ကြောင့်ပင် သမိုင်းတစ်လျှောက်မှာ သမိုင်းအလျောက် အခြေအနေအမျိုးမျိုး ဖြစ်ပေါ်ခဲ့ရာဝယ် ချောက်ချားခဲ့ရသော ကွမ်းခြံကုန်းမြို့နယ် သမိုင်းစာမျက်နှာများ၊ နွမ်းပါးခဲ့ရသော ကွမ်းခြံကုန်းမြို့နယ် သမိုင်းစာမျက်နှာများကို နိဂုံးသတ်ရပ်တန့်စေပြီး ထွန်းကားလာသော ကွမ်းခြံကုန်းမြို့နယ် သမိုင်းစာမျက်နှာသစ် နိဒါန်းဖွင့်လျက် စာကိုယ်များ တစ်ရွက်ပြီးတစ်ရွက် သွက်သွက်ရေးသားလာနိုင်သည့် အနေအထားကောင်းသို့ ကွမ်းခြံကုန်းမြို့ရောက်ရှိလာလေပြီ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်သည် ရှေးဦးစွာ ကွမ်းခြံကုန်းမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်၏။ ထိုအခမ်းအနား၌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့က ဖဲကြိုးဖြတ်၍ အခမ်းအနားဖွင့်ကာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်က ဖွင့်ပွဲကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး၏။ ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကွမ်းခြံကုန်းမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ရှိ Switching Room ကို ကြည့်ရှုစစ်ဆေးပြီး တယ်လီဖုန်းဖြင့် ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံရှိ မြန်မာသံအမတ်ကြီးများထံ လက်တွေ့မျက်တွေ့ စမ်းသပ်ဆက်သွယ်ကာ စကားပြောကြည့်၏။ အသံအလွန်ကြည်လင်ကြောင်း ကိုယ်တွေ့သိရှိ။

ထိုမှ ကွမ်းခြံကုန်းမြို့ အားကစားခန်းမဖွင့်ပွဲအခမ်းအနား ဆက်လက်ကျင်းပ၏။ နိုင်ငံတော်ဝန်ကြီးချုပ် တက်ရောက်ချီးမြှင့်၏။ ရန်ကုန်တိုင်း တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က အားကစားခန်းမကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အားကစားခန်းမဖွင့်ပွဲ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်ပေး၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်သည် အားကစားခန်းမသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ အားကစားအဖွဲ့များမှ အားကစားသမားများက တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း၊ ဘောလုံး၊ ဘော်လီဘော၊ လက်ဝှေ့၊ ဂျူဒို၊ ဝူရှူး၊ ကြက်တောင်နှင့် ကျွမ်းဘား အားကစားနည်းအလိုက် သရုပ်ပြကစားရင်း နိုင်ငံတော်ဝန်ကြီးချုပ်အား ဂါရဝပြုကြ၏။

ထို့နောက် ကွမ်းခြံကုန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ထိုကျောင်း၌ကျင်းပရာ ကျောင်းအုပ်ကြီး ဦးသန့်ဇင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်ထွန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး၏။ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်က သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကျောင်းသား၊ ကျောင်းသူ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့၊ ကာယသရုပ်ပြအဖွဲ့၊ ကဗျာလွတ်အကအဖွဲ့၊ ပန်းဖွားအကအဖွဲ့နှင့် စာလုံးသရုပ်ဖော်အဖွဲ့များ၏ သရုပ်ပြဖြေဖျော်မှုကို ကြည့်ရှုအားပေး၏။

ကွမ်းခြံကုန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် သုံးထပ်ကျောင်းဆောင်ကို တွေ့ရစဉ်။

ထိုမှ ဖွင့်ပွဲသုံးရပ်အစီအစဉ်ကို ကျောင်းအားကစားရုံခန်းမ၌ ကျင်းပရာ ကွမ်းခြံကုန်းမြို့ အထက(၂) ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးထွန်းတင်၏ တင်ပြချက်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်၏ တင်ပြချက်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ၏ တင်ပြချက်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူး ဦးချိုထွန်းက ဂါရဝပြုကျေးဇူး တင်စကားပြောကြားခြင်း။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူး ချုပ်လွန်းသီနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်တို့က သုံးထပ် ကျောင်းဆောင်သစ်နှင့် စပ်လျဉ်း၍ ကူညီပံ့ပိုးဆောင်ရွက်ပုံ ရှင်းလင်းတင်ပြ ခြင်းများ ပြီးစီးသောအခါ စေတနာရှင်များ၏ အလှူငွေများကို ဝန်ကြီးနှစ်ဦး တို့က လက်ခံကြလျက် ကွမ်းခြံကုန်းမြို့ အမှတ်(၂)အခြေခံ ပညာအထက်တန်း ကျောင်း သုံးထပ်ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးက ပညာရေးဝန်ကြီးဌာနဝန်ကြီးအား လွှဲပြောင်း ပေးအပ်ခြင်း၊ အားကစားဝန်ကြီးဌာန ဝန်ကြီးက ကွမ်းခြံကုန်းမြို့နယ်အတွက် အားကစားပစ္စည်းများကို လွှဲပြောင်း ပေးအပ်ခြင်း အစီအစဉ်များ စနစ်တကျ ဆောင်ရွက်ကြ၏။

(ဂ)

ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးထွန်းတင်၏ တင်ပြချက်

ယခုကျောင်းကြီးမှာ ၁၉၂၂ ခုနှစ်တွင် အမျိုးသားကျောင်းအဖြစ် စတင်ခဲ့ပြီး ၁၉၄၇ ခုနှစ်တွင် အမျိုးသားအထက်တန်းကျောင်းအဖြစ် ဖွင့်လှစ်နိုင်ခဲ့ကာ ၁၉၈၆ ခုနှစ်တွင်မှ အလယ်တန်းကျောင်းအဖြစ် အဆင့်လျှော့ခဲ့ရ၏။ အကြောင်းမှာ မြို့သစ်တိုးချဲ့ရာတွင် ထိုမြို့သစ်ရှိ မြေကွက်သစ်သို့ အထက်တန်းကျောင်းသစ်ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရာ ယခုကျောင်းမှာ အလယ်တန်းအဆင့်ဖြင့် ကျန်ရစ်ခဲ့သောကြောင့်ဖြစ်၏။

ယင်းကို အထက်တန်းအဆင့် ပြန်လည်ရရှိအောင် ကြိုးပမ်းခဲ့ကြရာတွင် မပြည့်စုံမှုများ၊ အခက်အခဲများကြောင့် နှောင့်နှေးခဲ့ရာမှ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်ထံ တင်ပြဆောင်ရွက်ပေးမှုကြောင့် ၂၀၀၃ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအဖြစ် တိုးမြှင့်လာခဲ့ပြီး စွမ်းအင်ဝန်ကြီး၏ ဦးဆောင်ကြီးကြပ်မှု၊ စည်းရုံးကူညီပံ့ပိုးမှုတို့ဖြင့် ယခုအခါ သုံးထပ်ကျောင်းဆောင်သစ်ကြီး ထီးထီးမားမား ပေါ်ထွန်းလာခြင်းဖြစ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်၏ တင်ပြချက်

ယခင်က ကွမ်းခြံကုန်းမြို့၌ လိုင်း ၃၀၀ ပါ လက်လှည့်အိတ်ချိန်းစနစ်သာ ရှိခဲ့ပြီး အဝေးဆက်သွယ်မှုမှာ ရန်ကုန်မှ အော်တိုရေဒီယို တယ်လီဖုန်း လေးလိုင်းဖြင့် အော်ပရေတာမှတစ်ဆင့် ဆက်သွယ်ခဲ့ရ၏။ ယခုလိုင်း ၃၀၀ ပါ အော်တိုအိတ်ချိန်းနှင့် CO လိုင်း ၁၈ လိုင်းပါ အဝေးလိုင်းကို တပ်ဆင်ပြီးဖြစ်သဖြင့် ပြည်တွင်းသာမက ပြည်ပသို့ပါ ဆက်သွယ်ပြောဆိုနိုင်သော အနေအထားတည်ရှိနေပြီဖြစ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် တစ်နိုင်ငံလုံးဖြန့်ကြက် ဆောင်ရွက်လျက်ရှိရာ ယခုအခါ အော်တိုအိတ်ချိန်း ၁၃၀၊ လက်သုံးအိတ်ချိန်း ၆၁၄ ခုနှင့် တယ်လီဖုန်းလိုင်းပေါင်း လေးသိန်းခန့် တပ်ဆင်ဆောင်ရွက်ထားရှိပါသည်။

အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၏ တင်ပြချက်

ယခု အသစ်ဆောက်လုပ်သည့် မိုးလုံလေလုံအားကစားခန်းမကြီးမှာ အလျားပေ ၁၂၀၊ အနံပေ ၆၀၊ အမြင့် ၃၆ ပေရှိ အုတ်နံရံကာ၊ သွပ်မိုး၊ သံထည်အဆောက်အအုံဖြစ်ပြီး ပင်မဆောင်ဘေးတစ်ဖက်တစ်ချက်၌ အလျား ပေ ၁၂၀၊ အကျယ် ၁၄ ပေရှိ ပရိသတ်လေးရာဆံ့ အဆောင်နှစ်ဆောင် တွဲလျက်ပါရှိ၏။ ပင်မဆောင်ကို ဆောင်လုံးပြည့် လျှာထိုးကြမ်းခင်းထားသဖြင့် အင်ဒိုးဂိမ်းကစားနည်းမျိုးစုံကို လေ့ကျင့်ကစားနိုင်မည့်ပြင် ပြိုင်ပွဲများကို အဆင့်မီစွာ ကျင်းပနိုင်ပါမည်။

(ဃ)

စေတနာရှင်များ မှတ်စု

ကွမ်းခြံကုန်းမြို့ မြို့မိမြို့ဖ အလှူရှင်များက ငွေကျပ် ၆၂ သိန်း၊ ကမ္ဘောဇဘဏ်လီမိတက်က ငွေကျပ် ၁၁၅ သိန်း၊ အေရှားဝေါလ်ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၁၀၀၊ရွှေသံလွင်ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၁၀၀၊ကျောက်စိမ်းနဂါးကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၁၀၀၊ Forcus Energy မှ ဦးမောင်မောင်ဆွေက ငွေကျပ်သိန်း ၅၀၊ မြတ်မေတ္တာမွန်မိသားစု ကုမ္ပဏီ လီမိတက်က ငွေကျပ်သိန်း ၄၀၊ MPRL က ငွေကျပ် ၁၈၅၀၀၀၀၊ တော်ဝင် မိသားစုကုမ္ပဏီက ငွေကျပ် ၁၄၅၄၀၈၈၊ မြန်မာ့အလှဆောက်လုပ်ရေးက ငွေကျပ် ၁၀ သိန်း။

(င)

အစီအစဉ်အရ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်က အမှာစကားပြောကြား ချီးမြှင့်ခြင်းဖြစ်သဖြင့် ယင်းအမှာစကားထဲမှတစ်ခွန်းကို ဆောင်းပါးအဖွင့်အဖြစ် ကောက်နုတ်ဖော်ပြပြီးဖြစ်၍ ယခုဆက်လက်ကောက်နုတ်ဖော်ပြမည့်စကားရပ်တို့ကို အတွေးဖတ်နည်းဖြင့် ဖတ်အပ်ကြပါကုန်၏။

“မိမိတို့ တာဝန်ယူစဉ်အချိန်တွင် ပြည်ထောင်စုကြီး ခိုင်မြဲရမည်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဖြစ်ထွန်းရမည်၊ ပြည်ထောင်စုကြီး ဥမကွဲသိုက်မပျက် ဖြစ်ထွန်းနေရမည်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းရမည်ဆိုသည့် ဦးတည်ချက် ချမှတ်ဆောင်ရွက်ခဲ့ကြောင်း”

“ရှေးဦးစွာ ပြည်ထောင်စုခိုင်မြဲရေးဦးတည်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် ယခင်က ပေါ်ပေါက်ခဲ့သည့် လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းသွားခဲ့ပြီး ပြည်ထောင်စုကြီး ခိုင်မြဲရေး၊ နိုင်ငံထူထောင်ရေးကိစ္စများတွင် တိုင်းရင်းသားများ တပေါင်းတစည်းတည်း ဆောင်ရွက်နေကြပြီဖြစ်ကြောင်း”

“ယနေ့ အချိန်အခါတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဖြစ်ထွန်းမှုများရရှိကာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့်ကဏ္ဍစုံတွင် တိုးတက်မှုအခြေခံကောင်းများစွာ ရရှိဖြစ်ထွန်းလာနေပြီဖြစ်ကြောင်း”

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❍

နိုင်ငံတကာသတင်းများ

နိုင်ငံတကာရေးရာကိစ္စများတွင် ကုလပိုမိုအရေးပါသောကဏ္ဍက ပါဝင်သင့်ကြောင်း ဘာဒါဝီ ပြောကြား

ကွာလာလမ်ပူ ဇွန် ၂

နိုင်ငံတကာရေးရာကိစ္စများတွင် ကုလသမဂ္ဂသည် ပိုမိုအရေးပါသော အခန်းကဏ္ဍမှနေ၍ ပါဝင်လာရန် လိုအပ်လျက်ရှိကြောင်း မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက ထုတ်ဖော်ပြောကြားလိုက်သည်။

ငြိမ်းချမ်းရေးကို ထိပါးစေသော ခြိမ်းခြောက်မှုများရှိနေသည်၊ ကမ္ဘာ့ငြိမ်းချမ်းသာယာရေးကို ချိုးဖောက်ထိပါးမှုများရှိနေသည်၊ သို့မဟုတ် ချင်းနင်း ကျူးကျော်မှုများရှိနေသည်ဆိုသော ကိစ္စများကို တရားဝင်အဆုံးအဖြတ်ပေးနိုင်သော အဖွဲ့အစည်းမှာ ကုလသမဂ္ဂသာဖြစ်သည်။ အလားတူ အဆုံးအဖြတ်မျိုးကို နိုင်ငံ တစ်နိုင်ငံကသော်လည်းကောင်း၊ နိုင်ငံများဖြင့် ပါဝင်ဖွဲ့စည်းထားသော အပေါင်းပါအဖွဲ့ တစ်ခုကသော်လည်းကောင်း ဆုံးဖြတ်ပိုင်ခွင့်မရှိကြောင်းကို မလေးရှားဝန်ကြီးချုပ်က (၁၈) ကြိမ်မြောက် အာရှပစိဖိတ် အစည်းအဝေးတွင် ပြောကြားခဲ့သည်။

နိုင်ငံတကာအရေးကိစ္စများ ပေါ်ပေါက်လာသောအခါ ကုလသမဂ္ဂတစ်ဖွဲ့တည်းသာလျှင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ကမ္ဘာ့နိုင်ငံများသည် ကုလသမဂ္ဂအဖွဲ့ကြီး၏ အားနည်းချက်များကို ကုစားရန် ဝိုင်းဝန်းကြိုးစားရမည်ဖြစ်သည့်အပြင် ထိုအဖွဲ့ကြီးအားကောင်းလာစေရန် ဝိုင်းဝန်းဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း အာမက်ဘာဒါဝီက ပြောကြားခဲ့သည်။

ကမ္ဘာ့နိုင်ငံများသည် ကုလသမဂ္ဂကို ကမ္ဘာ့အရေးအရာများမှ ပစ်ပယ်ထားရန်မကြိုးစားဘဲ ကမ္ဘာ့ကိစ္စများတွင် ပိုမိုပါဝင်လာနိုင်စေရန် ဖန်တီးကြရမည်ဖြစ်သည်။ မိမိတို့သည် ကမ္ဘာ့အဖွဲ့ကြီး၏ လုပ်ပိုင်ခွင့်များကို လျစ်လျူရှုပြီး တစ်ဦးတည်းသဘောဖြင့် ဆောင်ရွက်မည်ဆိုလျှင် နိုင်ငံအများနှင့် ကမ္ဘာ့ပြည်သူများ၏ စာနာထောက်ခံမှုကို ဆုံးရှုံးရမည်ဖြစ်သည်ဟု အာမက်ဘာဒါဝီက ဆက်လက်ပြောကြားသည်။

အထက်ပါကိစ္စရပ်များအပြင် ကမ္ဘာ့နိုင်ငံများသည် အကြမ်းဖက်မှု တိုက်ဖျက်ရေးကို အားပေးထောက်ခံရမည်ဖြစ်သည့်နည်းတူ ပါလက်စတိုင်း-အစ္စရေးပြဿနာ ဖြေရှင်းရေးကိုလည်း ကြိုးပမ်းကြရမည်ဟု ဆိုသည်။

အီရတ်ပြဿနာကို ကြည့်မည်ဆိုလျှင် ထိုနိုင်ငံကို အချုပ်အခြာအာဏာ အပြည့်အဝလွှဲအပ်မည်ဆိုပါက အီရတ်ပြည်သူများသည် မိမိနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လုံခြုံရေးရာကိစ္စများတွင် အပြည့်အဝ ကျင့်သုံးနိုင်ခွင့် ရှိရလိမ့်မည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ်က ဖြည့်စွက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အချုပ်အခြာအာဏာအပြည့်အဝပေးရန် အီရတ်သမ္မတသစ် လိုလား

ဘဂ္ဂဒက် ဇွန် ၂

ကုလသမဂ္ဂလုံခြုံရေးကောင်စီက ယခုလက်ရှိဆွေးနွေးနေကြသည့် ဆုံးဖြတ်ချက်တွင် အီရတ်နိုင်ငံအား အချုပ်အခြာအာဏာ အပြည့်အဝပေးပါရန် လိုလားကြောင်းဖြင့် အီရတ်သမ္မတသစ်အဖြစ် အင်္ဂါနေ့က ခန့်ထားခံရပြီးသည့်နောက် ပထမဆုံးပြောကြားသည့် မိန့်ခွန်းတွင် ဂါဇီယာဝါက ပြောကြားသည်။

အီရတ်နိုင်ငံအား လွတ်လပ်ပြီး မှီခိုမှုကင်းသည့် ဒီမိုကရေစီကျ ပြည်ထောင်စုစနစ်ဖြင့် စုစည်းခိုင်မာသော နိုင်ငံတစ်နိုင်ငံအဖြစ် ပြန်လည်ထူထောင်နိုင်စေရေးအတွက် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အရ အချုပ်အခြာအာဏာ အပြည့်အဝရခွင့်ပြုစေမည့် အချိန်ကို အီရတ်ပြည်သူလူထုက မျှော်လင့်နေကြောင်း ဂါဇီယာဝါက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

သွားရောက်

အမေရိကန် အာဏာပိုင်အဖွဲ့က အီရတ်နိုင်ငံ သိမ်းပိုက်ရေးကို ဇွန် ၃၀ ရက်တွင် အဆုံးသတ် စွန့်လွှတ်လိုက်ချိန်တွင် အီရတ်နိုင်ငံ အချုပ်အခြာအာဏာ အပြည့်အဝရရှိစေရေးအတွက် နိုင်ငံခြားရေးဝန်ကြီးသစ် ဟိုရှိယာဇီဘာရီ ဦးဆောင်သည့်အဖွဲ့သည် နယူးယောက်မြို့သို့ သွားရောက်နေသည်။

ဝေဖန်

အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က အဆိုပြုသည့် ဆုံးဖြတ်ချက်မူကြမ်းတွင် အီရတ်နိုင်ငံ အချုပ်အခြာအာဏာ အပြည့်အဝရရှိစေရေးအတွက် ပြင်ဆင်မှုပြုလုပ်ရန် ဇီဘာရီက တိုက်တွန်းခြင်း ရှိ၊ မရှိနှင့်ပတ်သက်၍ ပြတ်ပြတ်သားသား မသိရသေးပေ။ ယင်းမူကြမ်းတွင် အီရတ်နိုင်ငံ၌ အမေရိကန် တပ်ဖွဲ့ဝင်များ ဆက်လက်နေထိုင်ရေးအတွက် ထိန်းချုပ်နိုင်ခွင့် အနည်းငယ်သာပေးထားကြောင်း အီရတ်အုပ်ချုပ်ရေးကောင်စီ အကြီးအကဲတစ်ဦးအဖြစ် လွန်ခဲ့သည့် ရက်သတ္တပတ်က ဝေဖန်ခဲ့သည်။

စိတ်အားထက်သန်

ဆက်ဒမ်ဟူစိန် အာဏာရှိစဉ်အခါက အီရတ်နိုင်ငံ၏ ရေနံဝင်ငွေများအပေါ် နိုင်ငံတကာက ကြီးကြပ်နေမှုအားလုံးကို အီရတ်နိုင်ငံက ဖယ်ရှားရန် စိတ်အားထက်သန်နေသည်။ ယင်းဝင်ငွေများ သုံးစွဲမှုနှင့် စပ်လျဉ်း၍ နိုင်ငံတကာ စာရင်းစစ်ထားရှိရန် အဆိုပါမူကြမ်းတွင် တိုက်တွန်းထားသည်။

အမေရိကန်က ယင်းမူကြမ်းတွင် အပြည့်အဝ အချုပ်အခြာအာဏာပေးထားကြောင်း ပြောကြားသည်။ သို့ရာတွင် ပြင်သစ်၊ ရုရှားနှင့် တရုတ်တို့က လုံလောက်မှု မရှိသေးကြောင်း တိုက်တွန်းထားသည်။

အမ်အင်အေ၊ရိုက်တာ။

ဇွန် ၁ ရက်က ဘဂ္ဂဒက်မြို့ အစိမ်းရောင်နယ်မြေရှေ့တွင် အမေရိကန် ဆန့်ကျင်ရေး ကြွေးကြော်ဆန္ဒပြနေသည့် အီရတ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန့်ဆန့်ကျင်ရေး ကြွေးကြော်

ဘဂ္ဂဒက်မြို့တော်နှင့် အီရတ်နိုင်ငံမြောက်ပိုင်းတို့တွင် ဗုံးများပေါက်ကွဲသဖြင့် လူ ၁၄ ဦးထက်မနည်း သေဆုံး

ဘဂ္ဂဒက် ဇွန် ၂

အီရတ်အာဏာပိုင်များက ယခုလအကုန်တွင် တာဝန်ယူမည့် အစိုးရသစ်ကို ထုတ်ပြန်ကြေညာစဉ်မှာပင် ဘဂ္ဂဒက်မြို့လယ်နှင့် အီရတ်နိုင်ငံမြောက်ပိုင်း ဘိုင်ဂျီမြို့ရှိ အမေရိကန်စစ်အခြေစိုက် စခန်းအနီးတို့တွင် အင်္ဂါနေ့က ဗုံးများပေါက်ကွဲခဲ့ရာ အနည်းဆုံး လူ ၁၄ဦး သေဆုံးခဲ့သည်။

ဘဂ္ဂဒက်မြို့တွင် ကာဒစ္စတန် မျိုးချစ်သမဂ္ဂ (ပီယူကေ) ပါတီရုံးများ အနီးကားဗုံးပေါက်ကွဲခဲ့ရာ လူသုံးဦး သေဆုံးပြီး ၂၀ဦးဒဏ်ရာ ရရှိခဲ့ကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာတို့က ပြောကြားသည်။

လက်ရှိ အီရတ်အုပ်ချုပ်ရေးကောင်စီ အကြီးအကဲ ဂါဇီယာဝါအား ဇွန် ၃၀ ရက်တွင် အာဏာလွှဲပြောင်းရယူမည့် ကြားဖြတ်အစိုးရ၏ သမ္မတအဖြစ် ရွေးချယ်လိုက်ကြောင်း သတင်းများ ထွက်ပေါ်ပြီးနောက် မကြာခင်မှာပင် ဘဂ္ဂဒက်မြို့တော်၌ ပေါက်ကွဲသံ တစ်ကြိမ်ကြားလိုက်ရသည်။

အမေရိကန် ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့၏ ဌာနချုပ်အနီးတွင် ဖြစ်ပွားသည့် ပေါက်ကွဲသံကြားရာဆီသို့ လူနာတင်ကားများ သွားရောက်ကြပြီး အမေရိကန် တပ်ဖွဲ့ဝင်များက လူအုပ်ကြီးကို နောက်သို့ ဆုတ်ခိုင်းသည်။ ရုပ်မြင်သံကြား ဌာနက အပျက်အစီးများနှင့် အဆောက်အအုံတစ်ခု၏ မီးလောင်ကျွမ်းနေသည့် နံရံတို့ကို ထုတ်လွှင့်ပြသသည်။

ပစ်ခတ်မှုများ ဖြစ်ပွားပြီးနောက် ကြားလိုက်ရသည့် ပေါက်ကွဲမှုကြောင့် ကောင်းကင်ယံတွင် မီးခိုးလိပ်ကို မြင်တွေ့ရသည်။ အမေရိကန် ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များ၏ လေယာဉ်ပျံသံများကိုလည်း ဘဂ္ဂဒက်မြို့ ကောင်းကင်ယံတွင် ကြားလိုက်ရသည်။

အီရတ်နိုင်ငံမြောက်ပိုင်း ဘိုင်ဂျီမြို့တွင် စစ်အခြေစိုက်စခန်းအနီး၌ လမ်းဘေးထောင်ထားသည့် ဗုံးပေါက်ကွဲရာ အီရတ်မြို့ပြ ကာကွယ်ရေးတပ်ဖွဲ့ဝင် ခုနစ်ဦး အပါအဝင် အီရတ် ၁၁ဦး သေဆုံးပြီး ၂၃ ဦး ဒဏ်ရာရရှိခဲ့သည်။ အမေရိကန် အမှတ် (၁) ခြေလျင်တပ်မမှ တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိပြီး ၎င်းတို့အား ဒဏ်ရာရသူ အီရတ် ၁၆ဦးတို့နှင့်အတူ စစ်ဆေးရုံသို့ တင်ပို့ခဲ့သည်။

အင်တာနက်။

ဇွန် ၁ ရက်က ဘဂ္ဂဒက်မြို့လယ်တွင် ကားဗုံးပေါက်ကွဲပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံတွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၈၁၀ ရှိပြီ

ဘဂ္ဂဒက် ဇွန် ၃

လွန်ခဲ့သည့်နှစ် မတ်လက အီရတ်နိုင်ငံတွင် စစ်ရေးအရ တိုက်ခိုက်ခဲ့ချိန်မှ စတင်ကာ ဇွန် ၂ရက်အထိ အီရတ်နိုင်ငံ၌ သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၈၁၀ရှိသွားပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ယင်းအနက် ၅၉၄ဦးမှာ တိုက်ခိုက်မှုများကြောင့် သေဆုံးရပြီး ၂၁၆ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။

အီရတ်နိုင်ငံတွင် အဓိကစစ်ဆင်မှုများ ပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်က ကြေညာခဲ့သည့် ၂၀၀၃ခုနှစ် မေလ ၁ရက်နောက်ပိုင်း အမေရိကန်တပ်ဖွဲ့ဝင် ၆၇၂ဦးသေဆုံးခဲ့သည်။ ယင်းအနက် ၄၈၅ဦးမှာ တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရပြီး ၁၈၇ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခဲ့ရကြောင်း ဗုဒ္ဓဟူးနေ့က ထုတ်ပြန်သည့် အမေရိကန်စစ်ဘက်ဆိုင်ရာ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အင်တာနက်။

တရုတ်ပြည်၏ ပထမဆုံးသောအာကာသယာဉ်မှူး ကုလသမဂ္ဂသို့ အလည်အပတ်ရောက်

ပေကျင်း ဇွန် ၂

ကုလသမဂ္ဂသို့ အလည်အပတ်သွားရောက်သည့် မိမိ၏ ခရီးစဉ်သည် အာကာသယာဉ်အတွင်း လေကြောင်းနှင့် အာကာသဆိုင်ရာ အဖွဲ့အစည်းများအတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်ဖလှယ်မှုတို့ကို မြင့်မားတိုးတက်စေနိုင်ကြောင်း တရုတ်ပြည်၏ ပထမဆုံး အာကာသယာဉ်မှူး ယန်လီဝေက တနင်္လာနေ့တွင် ပြောကြားသည်။

တရုတ်ပြည်၏ လူလိုက်ပါသော အာကာသအစီအစဉ်မှ တာဝန်ရှိသူများ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့တွင် အာကာသယာဉ်မှူး ယန်လီဝေပါဝင်ပြီး အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်နှင့် ဩစတြီးယားနိုင်ငံရှိ ကုလသမဂ္ဂ အာကာသဌာနတို့သို့ အလည်အပတ်သွားရောက်ခဲ့သည်။

တရုတ်ပြည်သည် လူလိုက်ပါသော အာကာသအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် အောင်မြင်မှုများ ရရှိနေပုံကို မိမိတို့၏ ခရီးစဉ်က ဖော်ညွှန်းလျက်ရှိကြောင်း အဆိုပါ ကိုယ်စားလှယ်အဖွဲ့၏ ခေါင်းဆောင်နှင့် လူလိုက်ပါသော အာကာသ အစီအစဉ်များဆိုင်ရာ ဒုတိယအကြီးအကဲ ဟူရှီယန်က ပြောကြားသည်။

ကုလသမဂ္ဂ၏ စနစ်အောက်တွင် အာကာသကို လူသားတို့အတွက် ငြိမ်းချမ်းသော ရည်ရွယ်ချက်များဖြင့် အသုံးချနိုင်ရေး လုပ်ဆောင်ကြရာ၌ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု ရှိရန် တရုတ်အစိုးရက ထောက်ခံကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်၌ ပေါက်ကွဲသံများ ဟိန်းထွက်

ဘဂ္ဂဒက် ဇွန် ၂

ဘဂ္ဂဒက်မြို့လယ်တွင် အင်္ဂါနေ့က ပေါက်ကွဲသံများ ဟိန်းထွက်လာပြီး အစိမ်းရောင်နယ်မြေဘက်ဆီမှ မီးခိုးလုံးများ တက်လာသည်ကို တွေ့မြင်ကြရသည်။ ပေါက်ကွဲမှုများ ဖြစ်ပွားချိန်၌ အမေရိကန်ဦးဆောင်သည့် အပေါင်းပါအုပ်ချုပ်ရေးဌာနချုပ်ရှိရာ အစိမ်းရောင်နယ်မြေအတွင်းတွင် အီရတ်ကြားဖြတ်အစိုးရ ရွေးချယ်နိုင်ရေးအတွက် အစည်းအဝေးထိုင်လျက်ရှိကြောင်းသိရသည်။

ထိုစဉ်က အနည်းဆုံး စိန်ပြောင်းဖုံးသီးလေးလုံး ကျရောက် ပေါက်ကွဲခဲ့သည်ဟု ယူဆရပြီး မီးခိုးလုံးကြီး နှစ်ခု တစ်လိပ်လိပ်တက်လာသည်ကို မြင်ကြရသည်။ ထိုနေ့က လုံခြုံရေးအစောင့်များ တင်းကျပ်စွာချထားသော အစိမ်းရောင် နယ်မြေအတွင်းတွင် အမေရိကန် အရာရှိများ၊ ကုလသမဂ္ဂ ကိုယ်စားလှယ်များနှင့် အီရတ် ထိပ်တန်း အရာရှိများသည် ဇွန် ၃၀ ရက်တွင် အမေရိကန်တို့ထံမှ အချုပ်အခြာအာဏာလွှဲပြောင်းယူမည့် အီရတ်အစိုးရ ဖွဲ့ရေးကိစ္စအတွက် စည်းဝေးလျက်ရှိကြသည်။

ထပ်မံဖြစ်ပွား

ပထမပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် မိနစ် ၂၀မျှ ကြာသောအခါ နောက်ထပ် ပေါက်ကွဲမှုများ ထပ်မံဖြစ်ပွားခဲ့ကြောင်းသိရသည်။ ခုခံရေးသမားများ၏ အစိမ်းရောင် နယ်မြေကို ပစ်ခတ်တိုက်ခိုက်မှုများသည် မဆိုစလောက်သာ ပျက်စီးထိခိုက်မှု ရှိသည်ဟုဆိုသော်လည်း ထိုနယ်မြေ အတွင်းသို့ မကြာခဏဆိုသကဲ့သို့ပင် စိန်ပြောင်းများ၊ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်လေ့ရှိကြသည်။

တိုးမြှင့်တိုက်ခိုက်

မကြာမီ သီတင်းပတ်များမှ စတင်၍ အမေရိကန် ဆန့်ကျင်ရေး ခုခံတိုက်ခိုက်ရေးသမားများသည် အမေရိကန်တို့ ခန့်အပ်ထားသော အီရတ်အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များကို တိုးမြှင့်တိုက်ခိုက်လာကြသည်။ ထိုဖြစ်စဉ်များ အတွင်း ကားဗုံးခွဲတိုက်ခိုက်မှုတစ်ခုကြောင့် အီရတ်အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌသည်လည်း အသက်ဆုံးရှုံးခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

မီးခိုးလုံးများတက်

ဇွန် ၁ ရက်က ဘဂ္ဂဒက်မြို့လယ်တွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးခိုးလုံးများ တက်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ် ကြားဖြတ်အစိုးရသစ် ကုလအတွင်းရေးမှူးချုပ်ထောက်ခံ

ကုလသမဂ္ဂ ဇွန် ၂

ဇွန် ၃၀ ရက်တွင် အာဏာလွှဲပြောင်းရယူမည့် အီရတ်အစိုးရခေါင်းဆောင်သစ်များကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က အင်္ဂါနေ့တွင် ထောက်ခံလိုက်သည်။ သို့သော် ထိုလုပ်ငန်းစဉ်မှာ ပြီးပြည့်စုံခြင်း မရှိသည်ကို အသိအမှတ်ပြုသည်။

အီရတ် အုပ်ချုပ်ရေးကောင်စီ ပြင်ပရှိ တစ်ဦးချင်းနှင့် အုပ်စုအလိုက် ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းထားသူ ကုလသမဂ္ဂ အထူးသံတမန် ဘရာဟီမီ ရွေးချယ်ပေးသူ အနည်းငယ်မျှသာပါသည့် လက္ခဏာရှိပြီး အဖွဲ့ဝင် ၂၅ ဦးပါသည့် အီရတ်အုပ်ချုပ်ရေးကောင်စီက ရွေးချယ်ပေးသည့် ခေါင်းဆောင်သစ်များပေါ်ထွက်လာပြီးနောက် ကုလသမဂ္ဂနှင့် အမေရိကန်တို့က ထိုလုပ်ငန်းစဉ်မှာ ပြဿနာမှာ အရေးမကြီးသည့် ဟန်ပန်လက္ခဏာများကို ပြသကြသည်။

အီရတ်အုပ်ချုပ်ရေးကောင်စီက အီရတ်ကြားဖြတ်အစိုးရအတွက် ရှီးယိုက်တစ်ဦးကို ဝန်ကြီးချုပ်ခန့်ပြီးနောက် ယခုအခါ ဆွန်နီတစ်ဦးကို သမ္မတရာထူး အတွက် ရွေးချယ်လိုက်ခြင်းဖြစ်သည်။

လက်ရှိ ပြဿနာမှာ ၎င်းတို့ ရွေးချယ်သည့် ခေါင်းဆောင်သစ်များ၊ ဝန်ကြီးများကို အီရတ်ပြည်သူတို့က လက်ခံ၊ မခံဆိုသည့် ကိစ္စပင်ဖြစ်သည်ဟု ရိုက်တာကဖော်ပြထားသည်။ *အမ်အင်အေ၊ရိုက်တာ။*

ဘဂ္ဂဒက်မြို့မြောက်ဘက် အမေရိကန်တပ်စခန်းအဝင်၌ အသေခံကားဗုံးဖောက်ခွဲ

တီကရစ်(အီရတ်) ဇွန် ၂

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်မြောက်ဘက်ရှိ အမေရိကန်တပ်စခန်းအဝင်ဝတွင် အသေခံဗုံးခွဲသူတစ်ဦးက မော်တော်ကားဗုံးခွဲသဖြင့် အင်္ဂါနေ့က အီရတ် ၁၁ဦးထက်မနည်းသေဆုံးပြီး အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် အီရတ်၂၀ခန့် ဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်ကကြေညာသည်။

ဘဂ္ဂဒက်မြို့တော် မြောက်ဘက် ကီလိုမီတာ ၁၈၀အကွာ ရေနံချက်မြို့တစ်မြို့ဖြစ်သည့် ဘိုင်ဂျီအနီးတပ်စခန်းတွင် အင်္ဂါနေ့က အသေခံကားဗုံးခွဲခြင်းဖြစ်သည်။ အသေခံဗုံးခွဲရေးသမားတစ်ဦးက ဘီအမ်ဒဗလျူ ကားနက်တစ်စီးကို မောင်းနှင်လာပြီးနောက် တပ်စခန်းအဝင်ဝတွင် အသေခံဗုံးခွဲလိုက်ခြင်းဖြစ်သည်။

ကားငါးစီးမီးလောင်ပြီး နေရာအနှံ့တွင် လူအများအပြား ထိမှန်သေဆုံး ဒဏ်ရာရမှုများရှိကြောင်းဖြင့် ဝမ်းဗိုက်နှင့်ပေါင်တွင် ဒဏ်ရာရသူ အသက် ၃၈ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးက ပြောဆိုသည်။

အီရတ်ကြားဖြတ်အစိုးရ ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း ကြေညာသည့်နေ့တွင်ပင် ထိုသို့အသေခံကားဗုံးခွဲခြင်းဖြစ်သည်။ အီရတ်ကြားဖြတ်အစိုးရအနေဖြင့် ဇွန် ၃၀ရက်နေ့တွင် တရားဝင်အာဏာလွှဲယူမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဇွန် ၁ ရက်က အီရတ်နိုင်ငံ ကူဖာမြို့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် ရှီးယိုက်လက်နက်ကိုင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အပစ်အခတ်ရပ်စဲရန် သဘောတူညီခဲ့သော်လည်း နာဂျက်ဖ်မြို့တွင် တိုက်ခိုက်မှု ထပ်မံဖြစ်ပွား

ဘဂ္ဂဒက် ဇွန် ၁

အီရတ်နိုင်ငံ ရှီးယိုက်လူမျိုးများနေထိုင်ရာဒေသများတွင် ဧပြီလအတွင်းက လက်နက်ကိုင်တိုက်ခိုက်သူများက တွန်းလှန်တိုက်ခိုက်မှုစတင်ခဲ့ကြသည်။ ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါ၏ သစ္စာခံလက်နက်ကိုင်တိုက်ခိုက်ရေးသမားများသည် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ် ရရှိခဲ့သော်လည်း နာဂျက်ဖ်မြို့တွင် ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

အမေရိကန်တပ်ဖွဲ့မှ ဟမ်းဗီးကားများသည် နာဂျက်ဖ်မြို့၏ ရှေးဟောင်းသင်္ချိုင်းအတွင်း ချဉ်းကပ်ဝင်ရောက်ခဲ့ရာ မီဒီလက်နက်ကိုင်တိုက်ခိုက်ရေးသမားများက စိန်ပြောင်းများသုံး၍ မောင်းထုတ်ခဲ့ကြောင်း ဆာဒါ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုတွင် အီရတ်လေးဦးထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ဆေးရုံးသတင်းရပ်ကွက်က ပြောကြားသည်။

အမေရိကန် တာဝန်ရှိ ပုဂ္ဂိုလ်များက ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ ဝေဖန်ပြောကြားမှုမရှိပေ။အခြားဖြစ်ရပ်တစ်ခုတွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်သုံးဦး အန်ဘာပြည်နယ်၌ စနေနေ့က တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဖော်ပြသည်။ ယင်းပြည်နယ်တွင် ဖော်လူဂျာနှင့် ရာမာဒီမြို့တို့ပါဝင်သည်။

ယင်းတပ်ဖွဲ့ဝင်များ မည်သို့သေဆုံးသည်ကို စစ်ဘက်က အသေးစိတ် ထုတ်ဖော်ပြောဆိုခြင်းမရှိပေ။

ချိုးဖောက်

အမေရိကန်စစ်ဘက်မှ ဟမ်းဗီးကားများသည် နာဂျက်ဖ် ရှေးဟောင်းသင်္ချိုင်းအတွင်း ဝင်ရောက်ခဲ့ခြင်းဖြင့် ငြိမ်းချမ်းရေး သဘောတူညီချက်ကို ချိုးဖောက်ခဲ့ကြောင်း ဆာဒါ၏ ရုံးခန်းမှ တာဝန်ရှိပုဂ္ဂိုလ် အယ်လ်ခါဖာဂျီက အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။ မီဒီလက်နက်ကိုင် တိုက်ခိုက်ရေးသမားများက ဒုံးပစ်လောင်ချာဖြင့် တုံ့ပြန်တိုက်ခိုက်ခဲ့သည်။ တိုက်ခိုက်မှုသည် တစ်နာရီကြာခဲ့ကြောင်း အေအက်ဖ်ပီ သတင်းထောက်ကပြောကြားသည်။

အင်တာနက်။

နိုင်ငံတကာ သတင်းများ

ပိုလန်နှစ်ဦး ဘဂ္ဂဒက်မြို့၌ ပြန်ပေးဆွဲခံရ

ဝါဆော ဇွန် ၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် ပိုလန်အရပ်သားနှစ်ဦး ပြန်ပေးဆွဲခံရသော်လည်း တစ်ဦးမှာ ထွက်ပြေးလွတ်မြောက်လာကြောင်း ပိုလန်စစ်ဘက်ဆိုင်ရာက အင်္ဂါနေ့တွင် ပြောကြားသည်။

အဆိုပါ ပိုလန်နှစ်ဦးမှာ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်ကိုင်နေသူများဖြစ်ကြောင်း ပိုလန်ဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အီရတ်နိုင်ငံမှနေ၍ ရိုက်တာသတင်းဌာနသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားသည်။

အမည်မသိ တိုက်ခိုက်ရေးသမားများသည် ဘဂ္ဂဒက်မြို့ နေအိမ်တစ်အိမ်မှနေ၍ အဆိုပါ ပိုလန်အလုပ်သမားနှစ်ဦးကို ပြန်ပေးဆွဲခဲ့ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပြန်ပေးဆွဲ

အီရတ်မှ ရပ်သိမ်းရန် အမေရိကန် ဦးဆောင်သည့် သိမ်းပိုက်ရေးတပ်ဖွဲ့အပေါ် ဖိအားပေးမှု၏ တစ်စိတ်တစ်ဒေသအဖြစ် မကြာသေးမီရက်သတ္တပတ်များအတွင်း နိုင်ငံခြားသားအများအပြားကို ပြန်ပေးဆွဲခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ် မြင်ကွင်း

မေ ၁၈ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် အမေရိကန်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၃၁ ရက်က အီရတ်နိုင်ငံ ကူဖာမြို့တွင် အမေရိကန်တပ်ဖွဲ့နှင့် ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် ပျက်စီးနေသော အဆောက်အအုံတစ်လုံးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဇွန် ၂ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ဆွေမျိုးသားချင်းတစ်ဦး သေဆုံးသွားသည့်အတွက် အီရတ်အမျိုးသမီးတစ်ဦး မူးမေ့လဲကျ သွားသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဇွန် ၁ ရက်က အီရတ်နိုင်ငံ ကူဖာမြို့တွင် တိုက်ပွဲဖြစ်ပွားရာ ထိခိုက်ဒဏ်ရာရရှိသော အီရတ်လူငယ်တစ်ဦးကို ဆေးရုံသို့ပို့ရန် ပြင်ဆင်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဇွန် ၂ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်မြောက်ဘက်တွင် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသော သားဖြစ်သူကို ဖခင်က ဆေးရုံသို့ခေါ်ဆောင်လာစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၂၇ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ချုံခိုတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ဘတ်စ်ကားတစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်



မန်ဆွောင်းတံတား

ချင်းပြည်နယ် တီးတိန်မြို့နယ် တီးတိန်–ရိဒ်လမ်းပေါ်ရှိ မန်ဆွောင်းတံတား တည်ဆောက်မှု လုပ်ငန်းခွင်ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံ–ဆောက်လုပ်ရေး)

ကျေးရွာမူလတန်းကျောင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းမကျေးရွာ အခြေခံပညာမူလတန်းကျောင်းသစ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–နယ်စပ်/စည်ပင်)

စစ်ကိုင်းတိုင်း ကလေးမြို့နယ် နတ်ချောင်း ကျေးရွာအနီး ကလေး–ဂန့်ဂေါ ကားလမ်းပေါ်ရှိ ပန်းမွန်ချောင်းတံတားသစ်ကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံ–သတင်းစဉ်)

ကျေးရွာဆေးပေးခန်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ဒေသ ပါစင်ကျော်ကျေးရွာ ဆေးပေးခန်းအဆောက်အအုံကိုတွေ့ရစဉ်။(ဓာတ်ပုံ–နယ်စပ်/စည်ပင်)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး

● **အမျိုးသားညီလာခံမှ**

သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရွေးကောက်ပွဲ တွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ စာတမ်းများ ဖတ်ကြားတင်ပြခြင်းကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးယောအေးလှက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီးနှင့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၄)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ဖြူတင့်နှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်နွယ်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ညီလာခံကိုယ်စားလှယ် ရာခိုင်နှုန်းအားဖြင့် ၈၆ ဒသမ ၆၇ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျ သဘာပတိ ဦးယောအေးလှက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဒေါက်တာမှုထန်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းတို့၏ စုပေါင်းအကြံပြုစာတမ်းကို ညီလာခံကိုယ်စားလှယ် စာတမ်းရှင် နှစ်ဦးက ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ထန်တလန်မြို့နယ် မဲဆန္ဒနယ်နှင့် ရွာငံမြို့နယ်မဲဆန္ဒနယ်တို့မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ်နှစ်ဦးတို့၏ စုပေါင်းအကြံပြုစာတမ်း တစ်စောင်ကို ရွာငံမြို့နယ် မဲဆန္ဒနယ် ရွေးချယ်ခံကိုယ်စားလှယ်က အလှည့်ကျ သဘာပတိထံသို့ ပေးအပ်သည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားပြီး စာတမ်းဖတ်ပွဲကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏ စာတမ်းများ ဖတ်ကြားတင်ပြခြင်းကို ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ဦးယောအေးလှ အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ (၄)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ဦးစိုင်းတင့်အောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မကွေးတိုင်းမှ ဦးတင်မောင်ကျော်နှင့် ရန်ကုန်တိုင်းမှ ဦးမြအေးတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိမ်းနှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ကြိုင်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၉၃ဦး ရှိသည့်အနက် ၉၁ဦးတို့ တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၈၅ ရှိသဖြင့် အစည်း အဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကြောင်းကြေညာသည်။

ယင်းနောက် သဘာပတိ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဦးစိုင်းတင့်အောင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် ပြည်နယ်နှင့် တိုင်းအလိုက် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ညီလာခံ ကိုယ်စားလှယ်များ၏ စာတမ်းများကို တင်သွင်းကြရာတွင် ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့မှ တင်သွင်းသည့် စာတမ်းကို ကယားပြည်နယ်မှ ညီလာခံကိုယ်စားလှယ် ဦးထွန်းအေးဟန်ကလည်းကောင်း၊ ပဲခူးတိုင်းမှ တင်သွင်းသည့် စာတမ်းကို ပဲခူးတိုင်းမှ ညီလာခံကိုယ်စားလှယ်များ ဖြစ်ကြသော ဦးသန်းရွှေနှင့် ဦးသောင်းမြင့်တို့က လည်းကောင်း၊ ရခိုင်ပြည်နယ်မှ တင်သွင်းသည့် စာတမ်းကို ရခိုင်ပြည်နယ်မှ ညီလာခံကိုယ်စားလှယ် ဦးရွှေလှကလည်းကောင်း ဖတ်ကြား တင်သွင်းကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

အစည်းအဝေးကို နံနက် ၁၀နာရီ မိနစ် ၂၀တွင် ပြန်လည်ကျင်းပရာ ရန်ကုန်တိုင်းမှ တင်သွင်းသည့် စာတမ်းကို ရန်ကုန်တိုင်းမှညီလာခံ ကိုယ်စားလှယ်များ ဖြစ်ကြသော ဦးထွန်းဦးနှင့် ဦးတင်ညွန့်တို့ကလည်းကောင်း၊ ရှမ်းပြည်နယ်မှ တင်သွင်းသည့် စာတမ်းကို ရှမ်းပြည်နယ်မှ ညီလာခံကိုယ်စားလှယ် ဦးစိုင်းနုကလည်းကောင်း ဖတ်ကြားတင်သွင်းကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို နံနက် ၁၁ နာရီ ၅ မိနစ်တွင် ရပ်နားလိုက်သည်။

တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို ဇွန် ၄ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

အမျိုးသားညီလာခံ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲကို ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ဦးစိုင်းတင့်အောင် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့နှင့် စာတမ်းပြုစုရေးအဖွဲ့ငယ်ခေါင်းဆောင်များ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ (၅)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသော ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင်၊ ပဲခူးတိုင်းမှ ဦးကျော်မျိုးဝင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဦးဘိုသိန်း၊ စစ်ကိုင်းတိုင်းမှ

အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ သဘာပတိအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့နှင့် စာတမ်းပြုစုရေး အဖွဲ့ငယ်ခေါင်းဆောင်များ ညှိနှိုင်း ဆွေးနွေးပွဲကို ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပစဉ်။ (သတင်းစဉ်)

ညောင်နှစ်ပင် မော်ကွန်း

☆ သမိုင်းတစ်ခု အတူပြုဖို့
စုစုဝေးဝေး၊ အမျိုးသားရေးအတွက်
ဆွေးနွေးတိုင်ပင် ညောင်နှစ်ပင်သည်
နောင်တွင် မော်ကွန်းတင်လိမ့်မည်။

☆ တို့ရေ တို့မြေ တို့အမွေကို
တို့တွေပိုင်ဆိုင် မယိမ်းယိုင်ဖို့
နိုင်ငံ့အနာဂတ် ဂုဏ်ဒြပ်ရှိရှိ
ကမ္ဘာသိအောင်
တိကျမှန်ကန် ညီလာခံမှာ
နိုင်ငံအကျိုး ဝိုင်းသယ်ပိုးလော့။

☆ ပွင့်ပွင့်လင်းလင်း စေတနာအရင်းခံ
ဝေဖန်ထောက်ပြ ညှိနှိုင်းကြလော့။

☆ မြန်မာ့ရှေ့ရေး စိတ်အေးချမ်းသာ
နှစ် ရာထောင်သောင်း မပြောင်းမလဲ
ခိုင်မြဲစေရန် အခြေခံမူ
ဆန္ဒတူမျှ ရေးဆွဲကြလော့။

☆ တိုင်းပြည်မျက်နှာ တစ်ခုသာကြည့်
ဝါဒမကွဲ ငါအစွဲမရှိ
ပကတိဖြူစင်
အကောင်းမြင်သမျှ တင်ပြကြလော့။

☆ သမိုင်းတစ်ခု အတူပြုဖို့
စုစုဝေးဝေး အမျိုးသားရေးအတွက်
ဆွေးနွေးတိုင်ပင် ညောင်နှစ်ပင်သည်
နောင်တွင် မော်ကွန်းတင်လိမ့်မည်။ ။

(အမျိုးသားညီလာခံအား ဂုဏ်ပြုလျက်)

ဟသ်ာတမြင့်ဌေး

ဦးခင်မောင်အေးနှင့် မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်း၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ စာတမ်းပြုစုရေးအဖွဲ့ဝင်ခေါင်းဆောင်များ တက်ရောက်ကြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ကတင်သွင်းမည့် စာတမ်းပြုစုရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးရေးသားပြုစုကြသည်။

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ သဘာပတိ အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးကိုကိုကျော်၊ သာသနာရေးဝန်ကြီးဌာနမှ ဦးအုံ့မောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးမြတ်ကိုနှင့် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီလုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့ တက်ရောက်ကြသည်။

သဘာပတိအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲတွင် ကဏ္ဍအလိုက် စာတမ်းပြုစုရေးအဖွဲ့ငယ်များက တင်ပြထားသော စာတမ်းများကို လေ့လာစိစစ်ကြပြီး နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ကတင်ပြမည့် စာတမ်းကို ပြုစုကြသည်။ထို့နောက်သဘာပတိအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၁၀နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ သဘာပတိ အဖွဲ့ဝင်များဖြစ်ကြသော မြန်မာ့သမိုင်းအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)မှ ဦးအောင်ခမ်းထီ၊ ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာမနန်တူးဂျာ၊ မြန်မာ့သမိုင်းအဖွဲ့အတွင်းရေးမှူး ဦးထွန်းအောင်ချိန်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂)မှဦးပေါ်လိုက်ခမ်း၊အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီလုပ်ငန်းအဖွဲ့(၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့် တို့တက်ရောက်ကြပြီး အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့ အစည်းအဝေးတွင် တင်သွင်းရန်ကျန်ရှိသော စာတမ်းတစ်စောင်တင်သွင်းမည့်နေ့ရက် သတ်မှတ်ခြင်း၊ စုံညီအစည်းအဝေးတွင် တင်သွင်းမည့် စာတမ်းပြုစုရေးသားရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

(သတင်းစဉ်)

☆ **နိုင်ငံတော်မှ**

တည်ဆောက်ပြီးစီးခဲ့ပြီး ယခုအခါ ရေလယ်တိုင် RP-(6) Bored Pile တည်ဆောက်ပြီးစီးမှု၊ RP(7) Shaft သွန်းလောင်းနေမှုတို့နှင့် စပ်လျဉ်း၍ ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်တို့နှင့်အတူ တာဝန်ရှိသူများ လိုက်ပါလျက် ရေယာဉ်ဖြင့် ဧရာဝတီတံတား (ရတနာပုံ)တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးများနှင့်အဖွဲ့ဝင်များသည် ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း မန္တလေးဘက်ကမ်းသို့ရောက်ရှိကြပြီး ကမ်းကပ်ခုံ M-1 မှ M-11 အထိ တည်ဆောက်ပြီးစီးမှု၊ RP(1) မှ RP(2) သို့ ပင်မသံပေါင်တပ်ဆင်ထားမှုတို့ကို ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း မန္တလေးဘက်ကမ်း ရှင်းလင်းဆောင်၌ မန္တလေးဘက်ကမ်း တံတားတည်ဆောက်ရေးစီမံကိန်း တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်က မန္တလေးဘက်အပိုင်း၌ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ရန်သိမ်းနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ မြစ်ငယ်တံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး အထူးအဖွဲ့(၁၂)မှ အင်ဂျင်နီယာမှူး ဦးစိုးမင်းက မြစ်ငယ်တံတားတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအဆင့်ဆင့်ကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ကျောက်ဆည်ခရိုင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက တာဝန်ယူတည်ဆောက်လျက်ရှိသော ပင်းချားတံတား တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ တံတား ဆောက်လုပ်ရေး တာဝန်ခံ ခရိုင်အင်ဂျင်နီယာမှူး ဦးမောင်မောင်လွင်က တံတားလုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကိုရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ယခုမိုးကာလအတွင်း ချောင်းရေလွတ်ကင်းသည်အထိ တံတားတိုင်များ ပြီးစီးရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် တံတားထိပ်အုပ် (Cap)လောင်းမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ဟန်မြင့်မို-ရဲကြီး ကျေးလက်ဖွံ့ဖြိုးရေး လမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာ နွေနှမ်းနှင့် အခြားသီးနှံများ စိုက်ပျိုးမှုကို ကြည့်ရှုစစ်ဆေးပြီး နံနက် ၉နာရီ ၅မိနစ်တွင် ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၏ ကင်းရွာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းသို့ရောက်ရှိကြပြီး အနီးပတ်ဝန်းကျင်ကျေးရွာများမှ စိုက်ပျိုးထားရှိသော ဝါစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ကင်းရွာမြစ်ရေတင်လုပ်ငန်းအပိုင်း(၂) ဇော်ဂျီမြစ်ရေတင်စက်ရုံကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကင်းရွာလျှပ်စစ်မြစ်ရေတင် လုပ်ငန်းရှင်းလင်းဆောင်၌ မိတ္ထီလာခရိုင်နှင့် ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မိတ္ထီလာခရိုင်နှင့် ကျောက်ဆည်ခရိုင်တို့၌ စိုက်ပျိုးရေးတိုးမြှင့်မှုကြီးကြပ်ရေးအဖွဲ့ဝင်များအား တွေ့ဆုံကာ မိတ္ထီလာခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေ ရရှိရေးအတွက် ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ဇော်ဂျီရေသောက်စနစ်၏ ရေလွှဲဆည်လေးခုဖြင့် ရေပေးဝေနေမှု၊ လက်ရှိသီးနှံစိုက်ပျိုးနိုင်မှုနှင့် လာမည့်နှစ်များတွင် စိုက်ပျိုးမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မန္တလေးတိုင်း ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးသိန်း၊ တိုင်းရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နှင့် မိတ္ထီလာခရိုင် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်တို့က မိတ္ထီလာခရိုင် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများ တိုင်းတာဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အုန်းက မိတ္ထီလာခရိုင် စိမ်းလန်းစိုပြည်ရေးနှင့်စိုက်ပျိုးရေရရှိရေးအတွက် ၎င်းတို့မြို့နယ်မှတာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍မိတ္ထီလာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦးက မိတ္ထီလာခရိုင်အတွင်းရှိ ဆည်တမံ၊ ရေသိုလှောင်ကန်၊ ကန်နှင့် တူးမြောင်းများဖြင့် ခရိုင်အတွင်း ဒေသအနှံ့အပြား ရေရရှိရေး ဆောင်ရွက်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က နိုင်ငံတော်မှ အဓိကထားဆောင်ရွက်နေသောလုပ်ငန်းဖြစ်သည်နှင့်အညီ သက်ဆိုင်ရာဒေသ အာဏာပိုင်များနှင့် တာဝန်ရှိသူများက တာဝန်သိသိဖြင့် မိမိတာဝန်ယူရသော အပိုင်းကဏ္ဍအလိုက် ကျေကျေပွန်ပွန် ထမ်းဆောင်ကြရေး စနစ်တကျ တိုင်းတာဆောင်ရွက်ရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့်ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိကြပြီး နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းဖြင့်ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ နံနက် ၉နာရီခွဲတွင် ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

❍ စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

ယနေ့ တပ်မတော်အစိုးရလက်ထက်၌ အမှန်တကယ် ဖြစ်ထွန်းလာသော မုဒိတာအာရုံများ၊ ပီတိရနံ့များ၊ တည်ငြိမ်အေးချမ်းလာသော နယ်စပ်ဒေသများ၊ တိုးတက်မြင့်မားလာသော တိုင်းရင်းသားတို့၏ဘဝများ၊ မြဲမြံခိုင်မာလာသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်များ၊ ရှင်သန်နိုးကြားလာသော ပြည်ထောင်စုစိတ်ဓာတ် အမွှန်အမြတ်များ။

"ဤကဲ့သို့သော အခြေအနေကောင်းများရရှိလာချိန်တွင် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း"

ယင်းမူဝါဒလမ်းစဉ် (၇)ရပ်သည်သာ ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံး တလုံးတစည်းတည်းချီတက်သွားမည့်တစ်ကြောင်းတည်းသောလမ်း (ဧကာယနမဂ္ဂ)စစ်စစ်ဖြစ်၏။ အနာဂတ်မှာ စိန်ခေါ်မှု အရပ်ရပ်ပြွမ်းနေသော ပြည်ထောင်စုကြီးအတွက် တည့်မတ်အား (အဓိဋ္ဌာန ဗလ) စစ်စစ်ဖြစ်၏။ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ဖြင့် ဖွဲ့တည်နေသော ပြည်ထောင်စုကြီးအတွက် စည်းနှောင်အား(သာမဂ္ဂီဗလ) စစ်စစ်ဖြစ်၏။ ထို့ကြောင့် ယင်းမူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကွမ်းခြံကုန်းသားတို့၌လည်း တာဝန်ရှိ၏။ အခြားသောတိုင်းရင်းသားအားလုံးတို့၌လည်း တာဝန်ရှိ၏။အချုပ်မှာပြည်ထောင်စု မြန်မာနိုင်ငံသားအားလုံး၌ တာဝန်ရှိ၏။ ဥပမာအားဖြင့် ကိုယ်နေဖို့ အိမ်ဆောက်ရာဝယ် ကိုယ့်မှာတာဝန်ရှိသကဲ့သို့ပင်ဖြစ်၏။

ထို့ကြောင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နိဂုံးချုပ်ပြောကြားသော အောက်ပါစကားကို လမ်းညွှန်အဖြစ် ကျင့်ဆောင်အပ်ကြ၏။

"နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူအားလုံး၊ အမျိုးသားရေးအင်အားစုများ အားလုံးက မိမိတို့ မျှော်မှန်းထားသည့် အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး အောင်အောင်မြင်မြင် ဖြစ်ထွန်းလာရေးအတွက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း"

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မှာကြားဖွယ်ရာများကို မှာကြားကာ ဖွင့်ပွဲသုံးရပ် အခမ်းအနားအစီအစဉ် အောင်မြင်ပြီးမြောက်သောအခါ ဆက်လက်၍ ကွမ်းခြံကုန်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအုပ် ဒေါက်တာတင်ထွန်းနှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြ၍ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် လူနာဆောင်တို့ကို ကြည့်ရှုစစ်ဆေးလျက် ဆေးရုံ အတွင်း၊ အပြင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး ကြပ်မတ်တာဝန်ပေး ဆောင်ရွက်သွားရန် မှာကြား၏။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့ မဟာတိလောက မှန်ကူသွန်းဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သွန်းဘုရားကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကာ ကွမ်းခြံကုန်းမြို့မှ ကော့မှူးမြို့သို့ ဆက်လက်ထွက်ခွာသွားပါတော့၏။ ထိုကော့မှူးမြို့၌လည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ် ဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် တက်ရောက်ချီးမြှင့်ရပါဦးမည်။

(စ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် တက်ရောက်ချီးမြှင့်ခဲ့ပါသော ကွမ်းခြံကုန်းမြို့ ဖွင့်ပွဲသုံးရပ်နှင့်အတူ ကွမ်းခြံကုန်းသားတို့၏ အပြုံးများသည် ခရေပန်းသို့ မညှိုးတမ်းရနံ့သင်းနေတော့မည် ဖြစ်၏။

ကွမ်းခြံကုန်းသားတို့၏ အပြုံးသည် သပြေအပြုံးလား၊ ခရေအပြုံးလား။ သပြေအပြုံးဟူသည် အောင်အပြုံးဖြစ်၍ ခရေအပြုံးဟူသည် မွှေးပြုံးဖြစ်ပေရာ အောင်မြင်ခြင်း တစ်ခုတစ်ခု၏ ရေရှည်ခိုင်မြဲမှုတည်းဟူသော မွှေးရနံ့ပြယ်မသွားအောင် ကွမ်းခြံကုန်းသားတို့အဖို့ သပြေအပြုံးရော ခရေအပြုံးပါ ပြုံးပြီးရင်းပြုံးရင်းဖြင့် ယခုဖွင့်ပွဲသုံးရပ်၏ ဒြပ်ထုများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်၏။

ထို့အပြင် ကွမ်းခြံကုန်းသားများအပါအဝင် ပြည်ထောင်စုသားအားလုံးအဖို့ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဖြစ် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး တက်ညီလက်ညီဆန္ဒညီလျက် ပထဝီမြေပြင်ထက် သပြေခက်ဖြင့်အောင်ရေပက်ကာ မညှိုးပန်း ခရေအပွင့်တွေ သီကုံးရင်း သပြေပြုံး၊ ခရေပြုံး အပြုံးစက္ကန့်မခြားအောင် ပြုံးအားမြှင့်နေကြရမည် ဖြစ်ပါသတည်း။ ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၄-၆-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၆။ ရိုးရာကျေးလက်ကစားနည်း
- ၈း၀၅ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၈း၁၅ ၈။ ဘော်ဘင်ရေလှောင်တမံ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ English For Everyday Use.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ Demonstration Exercises For Correct Pronunciation.
- ၄း၄၅ ၄။ တေးဂီတအစီအစဉ်
- ၄း၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
- ၅း၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅း၂၅ ၇။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၅း၃၅ ၈။ တေးဂီတအစီအစဉ်
- ၅း၄၅ ၉။ မြန်မာစာ မြန်မာစကား
- ၆း၀၀ ၁၀။ ပန်ကွမ်လက်ဖက် နတ်သစ်ရွက်
- ၆း၁၀ ၁၁။ Discovery.
- ၆း၂၀ ၁၂။ နှောင်းခေတ်တေးပဒေသာ
- ၆း၃၀ ၁၃။ ညနေခင်းသတင်း
- ၇း၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးနတ်မယ် (အပိုင်း-၂၈)**
- ၇း၃၀ ၁၆။ ဖွံ့ဖြိုးမှုဝေမနောမြေ (အပိုင်း-၂)
- ၇း၄၀ ၁၇။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
- ၈း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **မြန်မာဗီဒီယိုဇာတ်လမ်း "မိုးလေးတဖွဲဖွဲ" (အပိုင်း-၂) (လူမင်း၊ ကြည်လဲ့လဲ့ဦး) (ဒါရိုက်တာ-ဟိန်းစိုး)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။



ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် ဇွန်၂ရက်က ပဲခူးတိုင်း၊ ဖြူးမြို့နယ်တွင် ဆည်မြောင်းဦးစီးဌာနမှတည်ဆောက်နေသော ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ပင်မတမံတည်ဆောက်ရန် အောက်ခြေမြေသား ရှင်းလင်းမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(လယ်ယာ/ဆည်မြောင်း)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း သင်တန်းခန်းမဆောင်သစ် ဖွင့်လှစ်ပွဲ အခမ်းအနားတွင် ခန်းမဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ပဲခူးတိုင်း ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့် ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်း တည်ဆောက်မှု

ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်သည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထွန်းသန်း၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းတို့ လိုက်ပါလျက် ဇွန် ၁ရက် ညနေပိုင်းတွင် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီး အလယ်ရိုးမပေါ်တွင် ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်နေသည့် ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းသို့ ရောက်ရှိကြပြီး ရေလွှဲဥမင်လုပ်ငန်းပိုင်းနှင့် ဆောင်ရွက်ဆဲ ပင်မတမံ ရေပိုလွှဲတည်ဆောက်နေမှုလုပ်ငန်းများကို ရေဝပ်ဧရိယာဖြစ်လာသည့် ရေလှောင်တမံအတွင်းပိုင်းမှ စက်လှေဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အပြီးသတ်ပိတ်နိုင်

ဆက်လက်၍ ဝန်ကြီးသည် စက်လှေဖြင့် ပင်မတမံတည်ဆောက်နေမှုကို သွားရောက်စစ်ဆေးရာ တည်ဆောက်ရေး ညွှန်ကြားရေးမှူးက ရေလွှဲဥမင်မှ ရေလွှဲထုတ်နိုင်မှုကြောင့် ရဲနွယ်ချောင်းကို အပြီးသတ် ပိတ်ပြီးနိုင်မှု၊ရဲနွယ်ချောင်းပေါ်တွင် ပင်မတမံကို သတ်မှတ်အမြင့်ပိုင်း ရောက်ရှိအောင် တည်ဆောက်နေမှုတို့ကို ပြသရှင်းလင်းသည်။

ဖြူးချောင်းတမံ

ဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက ဖြူးမြို့နယ်တွင် တည်ဆောက်နေသော ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းသို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄) ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်က ပင်မတမံတည်ဆောက်နိုင်ရန် ရေလွှဲဥမင်ဖောက်လုပ်မှုလုပ်ငန်း၊ ရေပိုလွှဲအူကြောင်း ရှင်းလင်းမှု၊ မြေကြီးတူးဖော်မှုလုပ်ငန်းနှင့် ပင်မတမံအတွက် လိုအပ်သော ကျောက်ကြီးများကို ကျောက်ထုတ်လုပ်သည့် ကျောက်ကွင်း၌ ထုတ်လုပ်ဆောင်ရွက်မှု တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ဝန်ကြီးသည် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တည်ဆောက်ရေး(၄) ညွှန်ကြားရေးမှူးတို့အပြင် ကျွမ်းကျင်ပညာရှင်များနှင့် ရေလွှဲဥမင်တည်ဆောက်မှုလုပ်ငန်း ပြီးစီးရေးအတွက် ဆောင်ရွက်နိုင်သည့် နည်းလမ်းစုံဖြင့် ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက်ဝန်ကြီးသည် ရှုရပ်အမြင့်ပိုင်းမှ တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုပြီး တည်ဆောက်ရေး အင်ဂျင်နီယာများနှင့် ရေလွှဲဥမင်တည်ဆောက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းပိုင်းများကို ဆွေးနွေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ရေလွှဲဥမင်အဝင် တည်ဆောက်နေသည့် ဖြူးချောင်း တစ်ဘက်ကမ်းသို့ ကြိုးတံတားမှဖြတ်ကူး၍ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ကွက်နှိမ်နင်းရေး

ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာရှိ ဗဟိုစိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ပညာပေးဌာနသို့ ရောက်ရှိပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးသုတေသနဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် လယ်ယာသီးနှံဖျက် ကြွက်နှိမ်နင်းရေးသင်တန်း တက်ရောက်နေကြသော သင်တန်းဆရာများ၊ သင်တန်းသားများနှင့် တွေ့ဆုံသည်။

စာတွေ့လက်တွေ့

ဝန်ကြီးက သင်တန်းတက်ရောက်လာကြသော ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်းတို့မှ တောင်သူလယ်သမားများ၊စိုက်ပျိုးရေးဝန်ထမ်းသင်တန်းသားများအား သင်တန်းမှရရှိသော စာတွေ့လက်တွေ့များကို လယ်ယာလုပ်ငန်းတွင် ထိထိရောက်ရောက် အသုံးချကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ကြွက်အမျိုးအစား အသိပညာပေးနှင့် နှိမ်နင်းမှုပြကွက်များ၊ စပါးစိုက်ခင်းတွင် ကြွက်ဖျက်ဆီးမှု ကာကွယ်ရေးပြုလုပ်ထားသည့်စနစ်နှင့်ကာကွယ်နည်းတို့ကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း ခန်းမဆောင်သစ်ဖွင့်ပွဲနှင့် သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၃

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း သင်တန်းခန်းမဆောင်သစ် ဖွင့်ပွဲအခမ်းအနားနှင့် စီမံခန့်ခွဲရေး ဝန်ထမ်းအဆင့်(၁)လုပ်ငန်းခွင်ဝင် သင်တန်းအမှတ်စဉ်(၂/၂၀၀၄)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် မင်္ဂလာဒုံ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း သင်တန်းခန်းမဆောင်သစ်၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးနှင့် ဇနီး ဒေါ်ခင်လှလှ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၏ ဇနီးဒေါ်စမ်းစမ်းဝေ၊ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်ဖွဲ့နှင့်ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးများနှင့်ဇနီးများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တိုင်းအုပ်ချုပ်ရေးမှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ၊ လူမှုရေးအသင်းအဖွဲ့များမှဧည့်သည်တော်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

သင်တန်းကျောင်း ခန်းမဆောင်သစ်ကြီးကို မင်္ဂလာအချိန်ဖြစ်သည့် နံနက် ၇နာရီခွဲတွင် ဝန်ကြီးက ဖဲကြိုးဖြတ်၍လည်းကောင်း၊ မော်ကွန်းကမ္ပည်းစာကို စက်ခလုတ်နှိပ်၍ လည်းကောင်း ဖွင့်လှစ်ပေးသည်။ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်မြင့်က ခန်းမဆောင်သစ် ဆောက်လုပ်မှုနှင့် ဖြည့်ဆည်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တာဝန်ယူဆောက်လုပ်ခဲ့သည့် တော်ဝင်မိသားစုကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးလှဒင်က အဆောက်အအုံနှင့်ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းက လက်ခံသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်းကြီးကို ၂၀၀၃ခုနှစ် မတ် ၂၇ရက်တွင် စတင်အုတ်မြစ်ချတည်ဆောက်ခဲ့ပြီး ၂၀၀၃ ခုနှစ် ဇူလိုင် ၇ ရက်တွင် စတင်၍ သင်တန်းများ ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ တစ်နှစ်တာကာလအတွင်း သင်တန်းအမျိုးအစားပေါင်း ခြောက်မျိုးမှ သင်တန်းသား၊ သင်တန်းသူ၄၃၆ဦးကို လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတကာအဆင့်မီသင်တန်းခန်းမဆောင်သစ်ကြီးကို ထပ်မံဖွင့်လှစ်နိုင်ပြီဖြစ်၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအတွက် မင်္ဂလာရှိသော နေ့တစ်နေ့ပင်ဖြစ်ကြောင်း၊ဤသင်တန်းကျောင်းကြီးက စိတ်ဓာတ်၊ စွမ်းရည်နှင့် ခေါင်းဆောင်မှု အရည်အချင်း ပြည့်ဝသည့် အုပ်ချုပ်ရေးသမားကောင်းများ ပေါ်ထွန်းလာစေရန် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ အနာဂတ်နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားတွင် အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းများ၊ စွမ်းဆောင်ရည် ထူးချွန်ထက်မြက်သည့် ဝန်ထမ်းများ၊ ကိုယ်ရည်ကိုယ်သွေးနှင့် အကျင့်သိက္ခာမြင့်မားသည့်ဝန်ထမ်းများဖြင့် အုပ်ချုပ်ရေးစနစ် တောင့်တင်းခိုင်မာအောင် ဆောင်ရွက်ပေးနိုင်ရေးအတွက် သင်တန်းများ ဖွင့်လှစ်ပို့ချပေးနေရခြင်းဖြစ်ကြောင်း၊ ဤရည်ရွယ်ချက်များ အောင်မြင်စေရေးအတွက် သင်တန်းသားများ အပိုင်းကလည်း ယုံကြည်ချက်၊ ခံယူချက် ပြည့်ဝစွာဖြင့် ကြိုးစား သင်ယူသွားကြစေလိုကြောင်း ပြောကြားသွားသည်။

ကျေးဇူးတင်စကား

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့်ဇနီး ဒေါ်ခင်လှလှတို့က အမှတ်တရ သစ်ပင်များ စိုက်ပျိုးပြီး အလှူရှင်များ၊ ဧည့်သည်တော်များအား ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အသစ်ဖွင့်လှစ်လိုက်သည့်ခန်းမဆောင်သစ်ကြီး၌ စတင်ဖွင့်လှစ်သည့် စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၁) သင်တန်းသို့ သင်တန်းသား၅၀တို့ တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ်ဖြစ်သည်။ (သတင်းစဉ်)

✧ အမျိုးသားညီလာခံမှ

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ထို့နောက် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ကျွေးမွေးဧည့်ခံရေးဆပ်ကော်မတီ၊ ဖျော်ဖြေရေးနှင့်သက်သာချောင်ချိရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူတို့က မိမိတို့နှင့် သက်ဆိုင်ရာ ဆပ်ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်နှင့် လုပ်ငန်းကော်မတီတို့မှတာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း စီမံဆောင်ရွက်ပေးသည်။

အကြံပြုဆွေးနွေး

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို အကြံပြုဆွေးနွေး တင်ပြကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများအနေဖြင့် မိမိတို့ ဆပ်ကော်မတီအလိုက် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ကြရေးနှင့် အခက်အခဲများရှိပါက အချိန်မီ တင်ပြကြရေးတို့ကို ဆွေးနွေးမှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်းတည့် ၁၂နာရီတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လက်ဆောင်ပစ္စည်းများ ပေးအပ်

၁၉၆၈–၆၉–၇၀ ပြည့်နှစ် ဘူမိဗေဒဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို မေ၂၉ရက်က တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်ရှိ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး မင်္ဂလာခန်းမ၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူဟောင်းများက အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများအား လှူဒါန်းငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (က–ပ)

✷ စွမ်းအင်မှ

တိုက်စစ်ဆင်ခွင့်ရရှိခဲ့သည်။ စွမ်းအင်က ဂိုးရရေးအတွက် နေရာစုံမှ တိုက်စစ်ဆင်ကစားရာ ကြည်း(က) နောက်တန်း မလွတ်တမ်းဖျက်ထုတ်နေသည့်ကြားမှပင် ရှစ်မိနစ်တွင် နိုင်ဝင်းက အဖွင့်ဂိုး သွင်းယူလိုက်သည်။ ဆက်တိုက်ဆိုသလိုပင် စွမ်းအင်ကဖိကစားရာ ၃၅မိနစ်တွင် မျိုးဇော်ဦး၏ ထိုးဖောက်မှုကို ကြည်း(က) နောက်ခံလူအောင်အောင်က ခပ်ကြမ်းကြမ်းဖျက်ထုတ်လိုက်၍ စွမ်းအင်ပိုင်နယ်တီကန်ခွင့် ရရှိသွားသည်။ အဆိုပါပိုင်နယ်တီကို အသင်းခေါင်းဆောင်ကျော်မျိုးဟန်က သွင်းယူလိုက်၍ ပထမပိုင်းအပြီးတွင် စွမ်းအင်ကနှစ်ဂိုးအသာဖြင့်ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင်ကြည်း(က)က အရှုံးဂိုး ချေပရန်ကြိုးစားသလို စွမ်းအင်ကလည်း အနိုင်ကိုထိန်းပြီး ဂိုးထပ်မံရရှိရေးကြိုးစားလာ၍ ပွဲမှာမြန်ဆန်လာသည်။ ဒုတိယပိုင်းအစတွင် နှစ်သင်းစလုံး ဂိုးရနိုင်သည့် အခွင့်အလမ်းများရသော်လည်း ဂိုးအဖြစ် မဖန်တီးနိုင်ခဲ့ပေ။ စွမ်းအင်အတွက် တတိယဂိုးကို ၂၅မိနစ်တွင် ထွန်းထွန်းအေး ဖန်တီးပေးသော ဘောလုံးကို နိုင်ဝင်းက မနားတမ်း ကန်သွင်းယူခဲ့သည်။ စွမ်းအင်အတွက် စတုတ္ထနှင့် ပွဲသိမ်းဂိုးကို ၃၅မိနစ်တွင် နိုင်ဝင်းက ၎င်း၏သုံးဂိုးမြောက်(ဟက်ထရစ်)ဂိုး သွင်းယူခဲ့သည်။

စွမ်းအင်အသင်းသည်အကြိုဗိုလ်လုပွဲအဖြစ် ဇွန် ၇ရက်တွင် သစ်တောရေးရာအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယနေ့ပွဲ

ညနေ ၃နာရီခွဲ
(သုဝဏ္ဏကွင်း)

ကွာတားဖိုင်နယ်

ပို့ဆောင်ရေး(က)နှင့် လယ်ဆည်။ (ကြေးမုံ)

❍ သုံးကြိမ်ဆက်တိုက်မှ

ထို့အပြင် မြန်မာလူငယ်ဘော်လီဘောအသင်းမှ မျိုးဆက်သစ်များသည် လက်ရွေးစင် အသင်းကြီးကို များစွာ အထောက်အပံ့ပြုပေးနိုင်သည်။

၁၉၉၂ ခုနှစ် မလေးရှားလူငယ်ဘော်လီဘောပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သောအသင်းမှ လူငယ်မျိုးဆက်သစ်အချို့သည် လက်ရွေးစင်အသင်းကြီးသို့ ဝင်ရောက်ခဲ့သည်။ လူငယ်အသင်းမှ လက်ရွေးစင်ဖြစ်ခဲ့ကြသော ကစားသမားများမှာ လွှမ်းမိုး၊ ဝင်းမောင်၊ စိုးထွန်း၊ သန်းလွင်ဦး၊ မျိုးသာ၊ ခင်မောင်တိုး(ခ)မိုးထိတို့ဖြစ်ကြသည်။ ခင်မောင်တိုး(ခ)မိုးထိသည် ယနေ့တိုင် လက်ရွေးစင်အသင်းကြီးတွင် ပါဝင်လျက်ရှိနေသည်။

၁၉၉၄ခုနှစ် ရွှေတံဆိပ်ဆုရ မြန်မာလူငယ်လက်ရွေးစင်အသင်းမှ မြန်မာ့လက်ရွေးစင် လူကြီးအသင်းသို့ ဝင်ရောက်နိုင်ခဲ့သော ကစားသမားများမှာ သိန်းဆွေ (ယခုလက်ရွေးစင်နည်းပြဆရာ)၊ ရဲမြင့်၊ ကျော်စိုးအောင်(လက်ရှိလက်ရွေးစင်အသင်း၌ ကစားနေဆဲ) စသည်တို့ဖြစ်သည်။

၁၉၉၆ခုနှစ် ရွှေတံဆိပ်ဆုရ မြန်မာ့လူငယ်လက်ရွေးစင်အသင်းမှ မြန်မာ့လက်ရွေးစင်လူကြီးအသင်းသို့ ဝင်ရောက်နိုင်သောသူများမှာ ရဲမင်းအောင်၊ မျိုးထက်ညွှန့်၊တင်ဝင်းအောင်၊ ကျော်စွာဝင်း၊ မြတ်သိန်းထွန်းတို့ဖြစ်ကြသည်။

နောက်ပိုင်း လူငယ်အသင်းများမှ ဉာဏ်လင်းအောင်၊ ကျော်ရွှေ၊ ဇော်လင်းဦးတို့သည် မြန်မာ့လက်ရွေးစင်အသင်းသို့ဝင်ရောက်လာနိုင်ခဲ့ကြသည်။ သို့ဖြစ်၍လူငယ်မျိုးဆက်သစ်များသည် အရှေ့တောင်အာရှတွင် ချန်ပီယံ သုံးကြိမ်ဆက်တိုက်ရအောင် ရွှေရောင်လွှမ်းပေးနိုင်သကဲ့သို့မြန်မာ့လက်ရွေးစင်အသင်းကြီး၏ အရန်အင်အားစုများ ဖြစ်ခဲ့သည်ကို သက်သေပြလျက်ရှိသည်။

မြန်မာလူငယ်ဘော်လီဘောအသင်းသည် ၂၀၀၀နှင့် ၂၀၀၂ ခုနှစ်များတွင် အရှေ့တောင်အာရှ လူငယ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်း မရှိသောကြောင့် အသစ်မှပြန်စရသည့် သဘောရှိသည်။ မိမိပြိုင်ဘက်များ မည်မျှတိုးတက်သွားသည်ကို မသိရ။ ထို့အပြင် လူငယ်ဘော်လီဘောပြိုင်ပွဲ၏ အနေအထားသည် မည်သို့ရှိသည်ကို မခန့်မှန်းနိုင်အောင်ရှိနေသည်။

မြန်မာလူငယ်အသင်း၏ အဓိကပြိုင်ဘက်များမှာ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ မလေးရှားတို့ဖြစ်ကြသည်။ လက်ရှိအနေအထားတွင် ထိုင်း၊ ဗီယက်နမ်တို့သည် အင်အားတောင့်တင်းသောအသင်းများဖြစ်သကဲ့သို့ဖိလစ်ပိုင်နှင့်မလေးရှားတို့မှာ ဒုတိယတောင့်တင်းသော အသင်းများဖြစ်ဖွယ်ရှိသည်။ ဖိလစ်ပိုင်သည် နောင်နှစ်တွင် ဆီးဂိမ်းစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ်ကျင်းပမည်ဖြစ်ရာ ကြိုတင် ပြင်ဆင်မည့်သဘောရှိသည်။ လူငယ်သွေးသစ်တို့ဖြင့်အသင်းကို တည်ဆောက်မည်ဖြစ်ရာ အသင်းကောင်းတစ်သင်းဖြစ်လာနိုင်ဖွယ်ရှိသည်။ မလေးရှားမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပရသောကြောင့် အသင်းကောင်းတစ်သင်း ဖြစ်အောင် တည်ဆောက်ထားပေလိမ့်မည်။ (၂၁) ကြိမ်မြောက် ဆီးဂိမ်းစ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် လူကြီးအသင်း ရှုံးခဲ့သည်ကို သတိချပ်ရပေမည်။ ဗီယက်နမ်သည် လူငယ်မျိုးဆက်သစ်တို့ကို စနစ်တကျ လေ့ကျင့်ပြုစုပျိုးထောင်တတ်သည်ဖြစ်ရာ ယခုပြိုင်ပွဲသို့ စနစ်တကျ ဖွဲ့စည်းလာလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ဗီယက်နမ်ကို အလေးထားယှဉ်ပြိုင်ရမည်။

နောက်ဆုံး အဓိကပြိုင်ဘက်မှာ ထိုင်းအသင်းဖြစ်သည်။ ထိုင်းအသင်းနှင့် လေးကြိမ်တွေ့ဆုံယှဉ်ပြိုင်ခဲ့ဖူးရာ မြန်မာက သုံးကြိမ်တိုင် အနိုင်ရခဲ့သည်။ နောက်ဆုံးတစ်ကြိမ်သာ ရှုံးသည်။ အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲနှင့် ပြတ်လပ်ခဲ့သော ကာလအတွင်း၌ထိုင်းအသင်းသည် အကောင်းဆုံးတည်ဆောက်ကစားလျက်ရှိသည်။ ထိုင်းသည် အသက် (၁၉)နှစ်အောက် ကမ္ဘာ့လူငယ် ချန်ပီယံပြိုင်ပွဲကို ၂၀၀၃ ခုနှစ် ဇူလိုင်လက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

ကမ္ဘာ့လူငယ်ချန်ပီယံပြိုင်ပွဲသို့အသင်း ၁၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ထိုင်းသည် အုပ်စု(က)တွင် ဗင်နီဇွဲလား၊ ဩစတြေးလျ၊ ပွာတိုရီကိုအသင်းတို့နှင့် အတူကျခဲ့သည်။ ပြိုင်ပွဲကျင်းပပုံစနစ်မှာအုပ်စုတစ်စုမှ အသင်းသုံးသင်းစီယူပြီး ရှုံးထွက်ထပ်မံကစားစေမည်။ ရှုံးထွက်ပြီးလျှင် ကွာတားတက်ရသည်။ ထိုင်းသည် အုပ်စု တတိယရသည်။ ဗင်နီဇွဲလား အသင်းတစ်သင်းကိုသာ နိုင်သည်။ ဩစတြေးလျကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပွာတိုရီကိုကို သုံးပွဲပြတ်ဖြင့်လည်းကောင်း ရှုံးသည်။ ထိုင်းအသင်းရှုံးသော ပွဲငယ်များသည် အမှတ်၂၀ကျော်သည်။ ဗင်နီဇွဲလားကို လေး–တစ်ဖြင့် နိုင်သည်။

ရှုံးထွက်ပြိုင်ပွဲတွင်ထိုင်းကတရုတ်ကို ၂၁–၂၅၊၂၅–၁၄၊၂၅–၂၁၊၂၅–၂၀မှတ် သုံးပွဲ–တစ်ပွဲဖြင့်နိုင်သည်။ ကွာတားဖိုင်နယ်တွင်အီရန်ကို၂၅–၁၆၊၂၅–၂၂၊ ၂၅–၁၉ မှတ် သုံးပွဲပြတ် ရှုံးသည်။

ထိုင်းအသင်းသည် ၂၀၀၃ခုနှစ် အသက်(၁၉)နှစ်အောက်ကမ္ဘာ့ချန်ပီယံပြိုင်ပွဲတွင်အဆင့်(၆)ရရှိခဲ့သည်။ ၎င်းနှစ်စောစောပိုင်းကအိန္ဒိယနိုင်ငံတွင် ကျင်းပသော အသက် (၁၉)နှစ်အောက် အာရှချန်ပီယံပြိုင်ပွဲတွင် တတိယရရှိခဲ့သည်။ အသက် (၁၉)နှစ်အောက် အာရှချန်ပီယံပြိုင်ပွဲတွင် ထိုင်းအသင်းမှ အကောင်းဆုံးဆု သုံးဆုရရှိသည်။ ၎င်းတို့မှာ အကောင်းဆုံးပင့်ထောင်သူဆု၊ အမှတ်အများဆုံးယူနိုင်သောဆု၊ လစ်ဘရိုဆုများ ဖြစ်သည်။

(၁၃)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လူငယ်အသင်းမှာပင့်ထောင်သူများအဖြစ် စံရွှေမောင်(ပို့ဆောင်ရေး)၊ ချမ်းငြိမ်းသူ (လဝက)၊ လွှမ်းမိုးအောင်(ကာကွယ်ရေး)၊ ဗဟိုကစားသမားအဖြစ် စိုင်းညီလေးနှင့် ဇော်ဇော်နောင်(လဝက)၊ စောဂျောင်းအောင် (ပို့ဆောင်ရေး)၊ ဘိုဘိုထွန်းနှင့် သန့်ဇင်အောင် (အား/ကာ သိပ္ပံ၊ ရန်ကုန်)၊ အောင်ကြိုင် (အား/ကာသိပ္ပံ၊မန္တလေး)၊ ဘယ်ခြမ်းအရိုက်သမားများအဖြစ် ကျော်သူရနှင့် ဖြိုးဝေလှိုင်(ပို့ဆောင်ရေး)၊ ပြည့်ဖြိုးလှိုင်နှင့်စည်သူထွန်း(လဝက)၊ မြတ်ကျော်ထွန်း(အား/ကာသိပ္ပံ၊ရန်ကုန်)၊ ညာဘက်ခြမ်းအရိုက်သမားများအဖြစ် သားအို(ကာကွယ်ရေး)၊ မောင်မောင်ထွေး(ပို့ဆောင်ရေး)၊ လစ်ဘရိုကစားသမားအဖြစ် တင်မောင်ထွေး(ပြည်ထဲရေး)တို့အား ရွေးချယ်ထားသည်။ နည်းပြဆရာအဖြစ် ဦးစောဟင်နရီ(ကာကွယ်ရေး)နှင့် ဦးစိုင်းထွန်းဦး (လဝက) တို့က တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။

လက်ရှိရွေးချယ်ထားသော ပဏာမလူငယ် လက်ရွေးစင်အသင်းသည် အဆက်ပြတ်သွားကြသော အောင်မြင်မှုအစဉ်အလာကို ပြန်လည်ဆက်စပ်ရေးထိုးရမည် ဖြစ်ရာ မဆုတ်မနစ်သောလုံ့လ ဝီရိယဖြင့် ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ (ကြေးမုံ)



(၁၃)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲဝင်ရန် ပြင်ဆင်လေ့ကျင့်နေသည့် မြန်မာ့လူငယ်ဘော်လီဘောအသင်း။
ဓာတ်ပုံ–စိုးညွှန့်(ကြေးမုံ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၃–၆–၂၀၀၄)

မြစ်ကြီးနား	–	၃ဒသမ ၁၉လက်မ
ဖျာပုံ	–	၁ဒသမ ၆၅လက်မ
ပုသိမ်	–	၁ဒသမ ၆၁လက်မ

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၁)ဖြန့်ချိ

ရန်ကုန် ဇွန် ၃

မြန်မာနိုင်ငံတွင် ပြည်တွင်း၌ စက်မောင်းဆီသုံးစွဲမှု မြင့်မားတိုးတက်လာနေ၊ အဆင့်မြင့် မှန်စက်ရုံ မြိတ်မြို့အနီး တည်ဆောက်တော့မည်၊ ပြည်တွင်းဟိုတယ်များ အဆင့်သတ်မှတ်နိုင်ရန် စစ်ဆေးမှုလုပ်ငန်းများ စတင်ဆောင်ရွက်ပြီ စသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာသည်။

ဓာတ်ပုံဆရာကဒစ်ဂျစ်တယ် ကင်မရာထက် ပြတ်သားအားကောင်းကင်မရာတီထွင်၊ ၂၁ နှစ်ကြာ အအေးခဲသုတ်ပိုးမှ အောင်မြင်သန္ဓေတည်ပြီး ယောကျ်ားလေးမွေးနိုင်၊ ကြက်တူရွေး ဒီဗီဒီ စသည့် နိုင်ငံတကာ သတင်းဆောင်းပါးများ၊ လူမှုရေး၊ စီးပွားရေး၊ အားကစား၊ ကျန်းမာရေးနှင့် ဖျော်ဖြေရေး ကဏ္ဍစုံလင်စွာကို e-Empire Media House ဖုန်း–၇၀၃၈၁၃ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄–၆–၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြပဟန် ဂီတသံ
၄:၁၅	၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီစဉ်
၄:၃၅	၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀	၇။ မျိုးချစ်တပ်မတော်
၄:၅၀	၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀	၉။ အဝေးသင်ပညာရေးပို့ချမှုအစီစဉ် -Banking (ပြည်သူ့ရေးရာ၊စီးပွားစီမံ၊ ပြည်သူ့ရေးရာ(ပထမနှစ်)
၅:၃၀	၁၀။ ပညာခေတ်
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဉာဏ်ကျယ်လေး (အပိုင်း–၂၈)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး (ဒုတိယတွဲ) (အပိုင်း–၂၃)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

ဟောပြော

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ဟောပြောပွဲကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင် ကောင်စီခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ သိကောင်းစရာများ ဟောပြောစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ဟောပြော

ရန်ကုန် ဇွန် ၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးအဖွဲ့ကကြီးမှူး၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာဟောပြောပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ကောင်စီခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ဟောပြောသည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်း၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း၊ ပညာရေးအဖွဲ့အကြံပေးပုဂ္ဂိုလ် ဒေါ်ဝင်းရွှေနှင့် ဒေါ်မာလာသိန်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ အရှေ့ပိုင်းတက္ကသိုလ်၊ အနောက်ပိုင်းတက္ကသိုလ်၊ အဝေးသင်တက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ဗီဒီယိုဆလိုက်ဖြင့် အသေးစိတ်ရှင်းလင်းဟောပြောသည်။ ထို့နောက် ဟောပြောပွဲတက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ပြန်လည်ဖြေကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေအား ရန်ကုန်တက္ကသိုလ်ဒုတိယပါမောက္ခချုပ် ဒေါက်တာဖေမောင်သန်းက အမှတ်တရလက်ဆောင်ပေးအပ်သည်။ ဟောပြောပွဲအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ဟောပြောပွဲတက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် အလှူငွေများပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၃

ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသို့ အလှူငွေပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ Bridge Asia Japan မှ Associate Coordinator Ms. Akiko MORI က အလှူငွေကျပ် ၄၆သိန်းကို ပေးအပ်လှူဒါန်းပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ခေတ္တဥက္ကဋ္ဌ ဒေါက်တာထွန်းစိန်က လက်ခံ၍ ကျေးဇူးတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ (သတင်းစဉ်)

၂၀၀၄ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၃

၂၀၀၄ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်နှင့် MGS Beverages Co., Ltd. တို့ ပူးပေါင်း၍ ဇွန် ၂၆ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Myanmar Convention Centre ၌ ကျင်းပမည်ဖြစ်ရာ အသက်(၂၁)နှစ်နှင့်အထက် အမျိုးသား၊ အမျိုးသမီးအကြီးတန်းပြိုင်ပွဲ၊ အသက်(၂၁)နှစ်အောက် အမျိုးသား၊ အမျိုးသမီး အငယ်တန်းပြိုင်ပွဲ၊ အသက်(၅၀)နှစ်နှင့်အထက် သက်ကြီးတန်း အမျိုးသားပြိုင်ပွဲများပါဝင်မည်ဖြစ်သည်။

အရပ်အမြင့်

အသက်(၂၁)နှစ်နှင့်အထက် အမျိုးသမီးအကြီးတန်း ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်သူများသည် အရပ် ၅ပေ ၃လက်မနှင့်အထက်ရှိရမည်ဖြစ်ပြီး အသက်(၂၁)နှစ်အောက်အမျိုးသမီး အငယ်တန်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်သူများသည် အနိမ့်ဆုံးအရပ် ၅ပေ ၂လက်မ ရှိရမည်ဖြစ်သည်။ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းတင်ပြနိုင်သူဖြစ်ရမည်။

ဇွန် ၂၃ရက် နောက်ဆုံး

ပြိုင်ပွဲဝင်လိုသူများသည် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန ဌာနမှူး ဦးကျော်သန်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အားကစားစခန်း မင်္ဂလာတောင်ညွန့်မြို့နယ်မှ ကာယဗလ အားကစားစခန်းတာဝန်ခံ ဦးဝင်းကြည်တို့ထံ ဇွန် ၂၃ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းရန်နှင့် ပြိုင်ပွဲဝင်များအသက်စစ်ဆေးခြင်း၊ အတန်းခွဲခြားခြင်း၊ အမျိုးသမီးများဆေးစစ်ခြင်း၊ အရပ်တိုင်းတာခြင်း၊ မှတ်တမ်းယူခြင်းများကို ဇွန် ၂၄ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့တော် စည်ပင်အားကစားစခန်း၌ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ (၁၉)

"တစ်ခါတစ်ရံ၌ အချစ်သည် ဤသို့ဖြစ်တတ်သည်" ဇာတ်ကားသစ် ရုံသုံးရုံတွင် တစ်ပြိုင်တည်းတင်

ငွေလမ်း ရုပ်ရှင်

ရန်ကုန် ဇွန် ၃

ယခု သောကြာပတ်တွင် မလိခ ရုပ်ရှင်မှ ဒါရိုက်တာမလိခစိုးထိုက်အောင် ရိုက်ကူးသည့် **တစ်ခါတစ်ရံ၌ အချစ်သည် ဤသို့ဖြစ်တတ်သည်** ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာ ရုံကြီးများတွင် တင်ဆက်ပြသသည်။

အချစ်၏ဒဿနကိုကြည်နူးခြင်း၊ ရယ်မောခြင်း၊ ငိုကြွေးခြင်း၊ လွမ်းဆွတ်ခြင်းတို့ဖြင့် ဖွင့်ဆိုပြသသော ဇာတ်ကားဖြစ်၍ ကောင်းမြတ်၊ ဧပရယ်တို့အဖြစ် ဒွေးနှင့် ထက်ထက်မိုးဦးတို့က ပီပီပြင်ပြင် သရုပ်ဆောင်ထားကြသည်။

"တစ်ခါတစ်ရံ၌ အချစ်သည် ဤသို့ဖြစ်တတ်သည်"ဇာတ်ကားမှ ဒွေးနှင့် ထက်ထက်မိုးဦး။

ဆက်လက်အောင်ပွဲခံ

ဆက်လက်၍ သုခမိန်ရုပ်ရှင်မှ ဒါရိုက်တာဇာဂနာရိုက်ကူး၍ ကျော်သူ၊ လူမင်း၊ ဇာဂနာ၊ ဆုပန်ထွာ၊ စမ်းစမ်းအေး(ရွှမဝ)နှင့် ဟာသသရုပ်ဆောင်များ ပါဝင်ထားကြသော **ဘာအရေးကြီးဆုံးလဲ**ဇာတ်ကား ရှေ့ဆောင်ရုံနှင့် နဝဒေးရုံများတွင် ဆက်လက်အောင်ပွဲခံ ပြသနေသည်။

နိုင်ငံခြားဇာတ်ကားသစ်

နေပြည်တော်ရုံတွင် S.W.A.T အမည်ရှိ နိုင်ငံခြားအက်ရှင် ဇာတ်ကြမ်းကားသစ် ရုံတင်ပြသနေသည်။

အဆင့်မြင့်ဗီဒီယို

ရွှေဂုန်ရုံတွင် ဒါရိုက်တာကုသိုလ် ရိုက်ကူး၍ လွင်မိုး၊ နန္ဒာလှိုင်၊ ညွန့်ဝင်း၊ ချိုပြုံးတို့ပါဝင်သော **ကောင်းခြင်းခုသည်ချိန်ခါ** အဆင့်မြင့် ဗီဒီယို ဇာတ်ကားရုံတင်ပြသ ဆဲရှိသည်။

မြို့မရုံတွင် Mission Impossible အမည်ရှိ နိုင်ငံခြားဇာတ်ကား ရုံတင် ပြသသည်။ အက်ရှင်မင်းသားတွမ်ခရုစ်က ထူးခြားစွာ ပါဝင်သရုပ်ဆောင်ထားသည်။

ဘုရင်ရုံတွင် Hum Tumhare Hain Sanam အမည်ရှိ အိန္ဒိယမေတ္တာဖွဲ့ဇာတ်ကား တင်ဆက်ပြသနေသည်။ ရှရွတ်ခန်၊ ဆယ်လ်မန်ခန်း၊ မာဒူရီဒီဆစ်တို့ အပြိုင်အဆိုင် သရုပ်ဆောင်ထားကြသည်။

အချစ်ဇာတ်ကြမ်း

ဆုထူးပန်ရုံတွင် Badal အမည်ရှိ အိန္ဒိယ အချစ်ဇာတ်ကြမ်းဇာတ်ကား ရုံတင်ပြသနေသည်။ ဘော်ဘီဒေါ၊ ရာနီမူကာဂျီတို့၏ အလှအပနှင့်သရုပ်ဆောင်မှုများကို ကြည့်ရှုကြရမည်။

မြေ နီ ကုန်း ရတနာပုံရုံ တွင် ဆန် ဂျေး ဒတ်၊ ဆူ နီ ရှပ် သီ၊ အ ရှတ်ရာနား၊ ပါရီတီ ဂျန်း ဂ နီ တို့ ပါဝင်သရုပ်ဆောင်သော Annath အမည်ရှိ အိန္ဒိယ အက်ရှင်ဇာတ်ကား တင်ဆက် ပြသနေသည်။

(ကြေးမုံ)

မကြာမီရုံတင်မည့် ဒါရိုက်တာမိုက်တီး၏ "စတိုင်"ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခု။

S.W.A.T အမည်ရှိ အက်ရှင် ဇာတ်ကားမှ သရုပ်ဆောင်ကွက်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကျောက်ဆည်မြို့နယ် သံရွာစံပြကျေးရွာ ဆေးရုံသစ်ဖွင့်ပွဲ တက်ရောက်အားပေး
ကျေးရွာပေါင်း ၁၅ရွာရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်နိုင်မည်

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ သံရွာ စံပြကျေးရွာ ပြည်သူ့ဆေးရုံကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ် ရဲမြင့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ရန်ကုန် ဇွန် ၃

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် သံရွာစံပြကျေးရွာ၌ ဆောက်လုပ်ပြီးစီးသွားသော သံရွာစံပြကျေးရွာ ပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁ ရက် နံနက် ၉နာရီခွဲတွင် အဆိုပါ ဆေးရုံသစ်ရှေ့ မုခ်ဦး၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်အားပေးသည်။

တက်ရောက်

ပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူးနှင့် ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခချုပ်များ၊ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးတင်အုန်းနှင့် ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ သံရွာစံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းနှင့် ရပ်မိရပ်ဖများ၊ သံရွာအနီးပတ်ဝန်းကျင် ကျေးရွာတို့မှ ဒေသခံပြည်သူများ၊ ကျောက်ဆည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ ကျောက်ဆည်ဆင်အကအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၂၀၀၀ ခန့်တက်ရောက်ကြသည်။

ကြည့်ရှုစစ်ဆေး

မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီးဒေါက်တာကျော်မြင့်တို့က သံရွာ စံပြကျေးရွာ ပြည်သူ့ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ ဝန်ကြီးဒေါက်တာကျော်မြင့်နှင့် တက်ရောက်လာကြသော ဧည့်သည်တော်များသည် သံရွာစံပြကျေးရွာ ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးကြသည်။

ခွဲစိတ်ခန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည်ခွဲစိတ်ခန်းသုံး ကိရိယာများတပ်ဆင်ထားရှိမှု၊ သားဖွားခန်း၊ အမျိုးသမီးလူနာဆောင်၊ တာဝန်ကျသူနာပြုနားနေခန်းနှင့် ဆေးသိုလှောင်ခန်း၊ ဓာတ်ခွဲခန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

သံရွာစံပြကျေးရွာသည် ဧရိယာ ၃၈ ဒသမ ၉ စတုရန်းမိုင် ကျယ်ဝန်းပြီး အနီးတစ်ဝိုက်တွင် ကျေးရွာအုပ်စု ၁၁ အုပ်စုနှင့် ကျေးရွာပေါင်း ၁၅ ရွာရှိကာ လူဦးရေ စုစုပေါင်း ၁၂၅၅၀ ရှိသည့်အတွက်ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်နိုင်ရန် ၂၅ ခုတင်ဆံ့ ဆေးရုံတစ်ခုဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

စံပြကျေးရွာ

အဆိုပါ သံရွာစံပြကျေးရွာသည် ရန်ကုန်-မန္တလေးကားလမ်း ဟန်မြင့်မိုကျေးရွာလမ်းခွဲမှ ဟန်မြင့်မို-ရှာင်သွားလမ်းပေါ်၌တည်ရှိသဖြင့်ဒေသခံပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ခံယူရန် ကျောက်ဆည်မြို့သို့လည်းကောင်း၊ မန္တလေးမြို့သို့လည်းကောင်း သွားရန်မလိုတော့ဘဲသံရွာစံပြကျေးရွာ ပြည်သူ့ဆေးရုံ၌ပင် ကုသနိုင်တော့မည်ဖြစ်သည်။

အဆိုပါဆေးရုံသည် အလျား ၂၂၄ ပေ၊ အနံ ပေ ၁၆၀ ရှိ တစ်ထပ်သံကူကွန်ကရစ် အဆောက်အအုံဖြစ်သည်။

ဖဲကြိုးဖြတ်

အလားတူ မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် မိုင်းမောကျေးရွာရှိ တိုက်နယ်ဆေးရုံ (မိုင်းမော)ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁ ရက် နံနက် ၁၁ နာရီတွင် အဆိုပါ တိုက်နယ်ဆေးရုံရှေ့ မျက်နှာစာ၌ ကျင်းပရာ ဝန်ကြီးဒေါက်တာကျော်မြင့် တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ရှေးဦးစွာမြစ်သားမြို့နယ်၊တိုက်နယ်ဆေးရုံ(မိုင်းမော) အဆောက်အအုံကို ဝန်ကြီး ဒေါက်တာ ကျော်မြင့်နှင့် မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူး ဦးကျင်လင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တိုက်နယ်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တိုက်နယ်ဆေးရုံ

အဆိုပါ တိုက်နယ်ဆေးရုံ ဖွင့်လှစ်ခဲ့သည့် မြစ်သားမြို့နယ် မိုင်းမောရွာသည်ကျေးရွာအုပ်စု ၁၀ အုပ်စု၊ ကျေးရွာပေါင်း ၄၂ ရွာနှင့် လူဦးရေ ၂၂၉၈၀ ရှိသည့်အတွက် ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးနိုင်ရန် တိုက်နယ်ဆေးရုံဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

တိုက်နယ်ဆေးရုံသည် အလျား ၁၂၈ ပေ၊ အနံ ၉၉ ပေ ရှိ သံကူကွန်ကရစ် တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကျင်းပ
တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီးဒေါ်ခင်သက်ဌေး တက်ရောက်အားပေး

ရန်ကုန် ဇွန် ၃

ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းဆောင်ရွက်သည့် ရန်ကုန်တိုင်း ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်း မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန အိမ်ရာစခန်းရှိ ရန်ကုန်တိုင်း လူငယ့်ရိပ်မြုံ(ပုဇွန်တောင်မြို့နယ်) ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးတို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးက ရန်ကုန်တိုင်း ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၏ဇနီးဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ အမှတ်(၄)စစ်ဒေသမှူး ဗိုလ်မှူးကြီး ရန်နိုင်ဦး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာစံရွှေဝင်းနှင့် တာဝန်ရှိသူများ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက အဖွဲ့ဝင်များ၊ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာနှင့်ပန်းဖွားအကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးက ရန်ကုန်တိုင်း ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်း လူငယ့်ရိပ်မြုံ(ပုဇွန်တောင်မြို့နယ်)မှ လူငယ်ကလေးများက ဆေးလိပ် ကင်းစင်နယ်မြေ ဆိုင်းဘုတ်ကို ရွှေရောင်ကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ရန်ကုန်တိုင်း ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို ရန်ကုန်တိုင်း လူငယ့်ရိပ်မြုံ(ပုဇွန်တောင်မြို့နယ်)ခန်းမ၌ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအနေဖြင့် ဆေးရွက်ကြီးမှ ထုတ်လုပ်သည့် ပစ္စည်းများဖြစ်သော စီးကရက်နှင့် ဆေးလိပ်အမျိုးမျိုး သောက်ခြင်း၊ ကွမ်းယာထဲတွင်ဆေးထည့်ခြင်း၊ ဆေးရွက်ကြီးငုံခြင်းတို့ကြောင့်လူသားများတွင်ကင်ဆာ၊ နှလုံးရောဂါနှင့် အခြားရောဂါအမျိုးမျိုးဖြစ်ပွားပြီး စောစီးစွာသေဆုံးလျက်ရှိသည့် အန္တရာယ်ကို လူအများသိမြင်သဘောပေါက်စေရန် ဤအခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ချီးမြှင့်

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လူငယ်နှင့် ဆေးလိပ်အန္တရာယ်ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ မမြမဥ္ဇူ၊ ဒုတိယဆုရမောင်ကျော်ကျော်လှိုင်နှင့် တတိယဆုရမောင်ဟိန်းတင်ထွဋ်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး (ပဏာမကျန်းမာရေး) ဒေါက်တာ ညိုညိုကြိုင်က ၂၀၀၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သော "ဆေးလိပ်ဆေးရွက် ရှောင်ကြဉ်မှ လူမှုဘဝချမ်းသာရ (Tobacco Control and Poverty)" ဆောင်ပုဒ်နှင့်ပတ်သက်၍ ရှင်းလင်းဟောပြောသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်က ရန်ကုန်တိုင်းအတွင်း ဆေးလိပ်ကင်းဝေးရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လူငယ် မောင်ကျော်ကျော်လှိုင်က ဆေးလိပ်အန္တရာယ်နှင့်ပတ်သက်၍ ကိုယ်တွေ့ ခံစားခဲ့ရမှုများကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

BAGAN SECURITY SERVICES Co., Ltd.

လုပ်ငန်းအတွေ့အကြုံရှိပြီး အဆင့်မြင့်အရည်အချင်းရှိသည့် လုံခြုံရေးဝန်ထမ်းများ ရွေးချယ်ခန့်ထားလိုပါသည်။

၁။ **လုံခြုံရေးဝန်ထမ်း(အမျိုးသား)** **(၃၀)ဦး**

- အသက်(၂၅)မှ (၅၀)နှစ်အတွင်းဖြစ်ရမည်။
- အနည်းဆုံး ပညာအရည်အချင်း (၉)တန်းအောင်ရမည်။
- စက်ရုံ၊ အလုပ်ရုံ၊ ကုန်လှောင်ရုံ၊ ဟိုတယ်၊ ဘဏ်နှင့် နေအိမ်စသည်တို့၏ လုံခြုံရေးကို အထူးတာဝန်ယူ ဆောင်ရွက်ပေးနိုင်သူဖြစ်ရမည်။
- ရုပ်ရည်သန့်ပြန့်၍ ကျန်းမာသန်စွမ်းရမည်။
- လုံခြုံရေးနှင့်ပတ်သက်သည့် သင်တန်းတက်ရောက်နိုင်သူဖြစ်ရမည်။
- သွက်လက်ချက်ချာစွာ ပြောဆိုနိုင်သူဖြစ်ရမည်။
- အရပ်(၅)ပေ(၅)လက်မ အနည်းဆုံးရှိရမည်။
- အရက်၊ ဆေးလိပ်၊ ကွမ်းစားခြင်း ကင်းရှင်းသူဖြစ်ရမည်။
- ပညာအရည်အချင်းနှင့် ပတ်သက်၍ လုံခြုံရေးအတွေ့အကြုံရှိသူများကို လျှော့ပေါ့စဉ်းစားမည်။

၂။ လျှောက်ထားသူသည် ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ ကိုယ်ရေးမှတ်တမ်း(CV)၊ ပညာအရည်အချင်းအထောက်အထား၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အမျိုးသားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ လိုင်စင်ဓာတ်ပုံ(၃)ပုံနှင့်အတူ ပူးတွဲ၍ အောက်ပါလိပ်စာသို့ (၂၀–၆– ၂၀၀၄)ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

ပုဂံလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီ
အခန်း(၄၀၃/၄၀၄)၊ မြန်မာမေဖလားဝါးဘဏ်အဆောက်အအုံ၊ (၉)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၆၅၀၆၆၅။

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ တာမွေမြို့နယ် ဖိုးစိန်လမ်း အမှတ်(၃၀)နေ သီရိဂေဟာ ဦးဝင်းရွှေ–ဒေါ်ခင်ခင်စိန် မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန် ငွေကျပ် ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်သို့ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)



လက်ထပ်မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်းလမ်း၊ အမှတ် (၃၀)နေ
ဦးငွေးတင့်–ဒေါ်ငယ်ငယ်(ဒေါ်ငယ်ငယ်ဆောက်လုပ်ရေး)တို့၏ တစ်ဦးတည်းသောသား၊
ကိုလှမျိုး–မဇာဇာ(ရွှေငယ်ငယ်ဗီဒီယိုထုတ်လုပ်ရေး)တို့၏ မောင်

မောင်ဇာနည် B.Sc Botany
(သရုပ်ဆောင်)

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီလမ်း၊ အမှတ် ၈၆(A)နေ
ဒေါက်တာမြင့်ဦး(တီးတိန်ဆေးရုံအုပ်)–ဒေါ်နှင်းနှင်းရီတို့၏ သမီးငယ်

မကြည်လဲ့လဲ့ဦး B.A Business Management
(သရုပ်ဆောင်)

